# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 26 April 2023 ၁၁၀၇၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းတည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းက ဧပြီ ၅ ရက်နှင့် ၂၂ ရက်နေ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ခြင်းနှင့် တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှု၊ လက်မှုအချောထည်များဆောင်ရွက်နေမှု၊ ဥဏ္ဏာလုံ မွေးရှင်တော်တပ်ဆင်ပူဇော်ရန် ဆောင်ရွက်နေမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အတိုင်းအတာနှင့် အလေးချိန်ဆိုင်ရာ အချက်အလက်များကို QR Code ဖြင့် ဖော်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိမှုများကိုလည်းကောင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဗုဒ္ဓဥယျာဉ်အတွင်း သာသနိကအဆောက်အအုံများ၊ ရေပန်းရင်ပြင်၊ ရင်ပြင်တော်၊ ဂန္ဓကုဋီတိုက်၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတည်ဆောက်ခြင်း၊ သာသနာ့ဗိမာန်တည်ဆောက်ခြင်းနှင့် ကျောက်စာရုံစေတီများတည်ဆောက်ခြင်း၊ အဝင်မုခ်ဦးများတည်ဆောက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၅

| | | |
|---|---|---|
| ချောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၁ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်း | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မြဝတီ | ၄၁ | ဒီဂရီစင်တီဂရိတ် |


ယနေ့ ဖတ်စရာ

**ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများအား ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်**

စာမျက်နှာ » ၁၁



**ရုရှားနိုင်ငံက အာကာသထဲ၌ ပထမဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင် ရုံတင်ပြသ**

စာမျက်နှာ » ၁၃

ကြေးမုံ

# နိုင်ငံတော်အစွန့်ရှည်တည်တံ့ခိုင်မြဲရေး ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်

"ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား သားချင်းများဆိုသည့်စိတ်၊ မရှိအတူ ရှိအတူ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသောမိသားစုများဆိုသည့် စိတ်ဓာတ်ပင်ဖြစ်ကြောင်း" ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅)မှ ကျောင်းသား ကျောင်းသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားများကြားတွင် စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အထူးအရေးကြီးသည်။ ပြည်ထောင်စုကြီး နှစ်ပေါင်းထောင်ချီ အစွန့်ရှည်တည်တံ့ခိုင်မြဲလာခြင်းသည် ပြည်ထောင်စုစိတ်ဓာတ် မြဲမြံခိုင်ကျည်ခဲ့သောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းအားထုတ်စဉ်ကလည်း တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုတစ်ခုလုံး၏ စုစည်းမှုကို သက်သေပြပြီးဖြစ်သည်။ မျက်မှောက်ကာလ၌ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်သည် အခြေခံအုတ်မြစ်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် နိုင်ငံအတွက် အသက်တမျှအရေးကြီးသည်။ အဆိုပါပြည်ထောင်စုစိတ်ဓာတ်ဖြင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန်ချစ်ခင်မှု၊ လေးစားမှု၊ ယုံကြည်မှုတို့ဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ရန်အတွက် အလိုအပ်ဆုံးနှင့်အရေးအကြီးဆုံးအချက်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံအတွက် ဦးထိပ်ပန်ဆင်အပ်သည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် ထာဝစဉ်လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်ထောင်စုသားအားလုံး၏ ခံယူချက်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်အားလုံး၏နှလုံးသားတွင် ကိန်းအောင်းနေရမည့် စိတ်ဓာတ်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ကောင်းမွန်သောအနာဂတ်ကို တည်ဆောက်နိုင်ရန်အတွက် လူငယ်လူရွယ်များကို ပျိုးထောင်ပေးလျက်ရှိသည်။ နိုင်ငံတော်က ပျိုးထောင်ပေးလိုက်သည့် လူသားအရင်းအမြစ်များအနေဖြင့် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိပြီး မျိုးဆက်သစ်များအား ကောင်းမွန်သောအမွေ လက်ဆင့်ကမ်းပေးဝေကြရမည်ဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သည် သက်တမ်းရှည်ကြာပြီဖြစ်သော ပြည်ထောင်စုရိပ်မြုံတစ်ခုဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီးပွားနှင့် တိုင်းရင်းသားလူမျိုးများအကြားတွင် ပြည်ထောင်စုစိတ်ဓာတ်များ လွှမ်းခြုံပေးနိုင်အောင်ဆောင်ရွက်မည့် လူသားအရင်းအမြစ်များ၏ ဘူမိနက်သန်တစ်ခုဖြစ်သည်။

ထို့ပြင်ပြည်ထောင်စုပန်းများ ပွင့်လန်းဝေဆာလာအောင် ပျိုးထောင်ပေးသည့် ဥယျာဉ်တစ်ခုလည်းဖြစ်သည်။ ခေတ်အဆက်ဆက်တွင် အားထားခဲ့သည့် ပြည်ထောင်စုအရင်းအမြစ်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်း တာဝန်ကျရာဒေသများ၌ လူငယ်လူရွယ်များ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များရှိလာအောင်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်လာအောင်၊ ဒေသတွင်းနေထိုင်ကြသည့် တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာတရားများကို အပြန်အလှန်လေးစားတန်ဖိုးထားပြီး လောကကောင်းကျိုး သယ်ပိုးလိုသူများဖြစ်လာအောင်၊ နိုင်ငံ အတွက် အလိုအပ်ဆုံးဖြစ်နေသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားလူမျိုးများကြားတွင် ထွန်းကားပြန့်ပွားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် ပညာတတ်သည့်မျိုးဆက်နှင့် တိုးတက်သည့် နိုင်ငံတော်ကို ထူထောင်နိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် တာဝန်ထမ်းရွက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို စဉ်ဆက်မပြတ်ပျိုးထောင်မွေးထုတ်ပေးလျက်ရှိရာ အဓိကအရေးကြီးသည့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ရရှိဖြစ်ထွန်းလာအောင် မွေးထုတ်ပေးထားသည့် အရင်းအမြစ်များက ဦးဆောင်စည်းရုံးဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက လေရှီးမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသာလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လေရှီးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇောနှင့် ဝန်ထမ်းများသည် ယမန်နေ့နံနက်ပိုင်းက နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြုဇဟို ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ် လှူဒါန်းသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၅ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်းခြောက်တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၄ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၂၂ | ၁၇၆,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၂,၁၀၆ | ၆,၃၅၄,၃၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၅ | ၃၈,၀၀၀ |
| FPB | ၁,၁၅၀ | ၁,၄၅၀ | ၄,၀၄၃ | ၅,၈၅၁,၂၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၉ | ၂၂,၉၅၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၅၀ | ၁၃၀,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀ | ၄၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၁၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၅၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၀၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၂.၂၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၃၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၉.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၆၉.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၇.၀၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်ပြီးစီးမှု၊ တံခွန်တိုင် တည်ဆောက်နေမှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု၊ ရေပန်းရင်ပြင် တည်ဆောက်ပြီးစီးမှု၊ အဝင်မုခ်ဦးများ တည်ဆောက်ပြီးစီးမှု၊ ကျောက်စာရုံ စေတီတော်များ တည်ဆောက်ပြီးစီးမှု၊ မုစလိန္ဒအိုင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း စကျင်ကျောက်ပန်းပု ထုဆစ်ပုံဖော်ထားမှုကို ကြည့်ရှုစဉ်။

## ရည်ရွယ်ချက် ၄ ရပ်

အဆိုပါ **“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ စကျင်ကျောက်တော်ကြီး တည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းထိ ရေလမ်းကြောင်းဖြင့်လည်းကောင်း၊ ၎င်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

## ၉၅ ရာခိုင်နှုန်းပြီးစီး

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ဇန်နဝါရီ ၂၆ ရက် မင်္ဂလာအချိန်တွင် ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင်လည်း ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့်

**စာမျက်နှာ ၄ သို့** ☆

☆ **“မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်နေမှုလုပ်ငန်းများ ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၃ မှ

ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ခုနစ်ရက် သား သမီး၊ ဘုရားဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြု လှူဒါန်းထားသည့် အဖိုးတန် ကျောက်မျက်ရတနာ ဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားများကို ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင်အောင်မြင်စွာပြုလုပ်ပြီးစီးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ ဌာပနာတော် ကုသိုလ်ရှင်များ၊ ပြည်သူပြည်သားများ အားလုံး ဝမ်းမြောက်နုမော် သာဓုခေါ်ဆိုခဲ့ကြကြောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆင်းတုတော်အပိုင်း(၄)ကို ရတနာ ပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း။

### သာသနိကအဆောက်အအုံများ

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့်နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနိကအဆောက်အအုံများစွာကိုလည်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်မှုအား ကြည့်ရှုစဉ်။

ထည့်သွင်း တည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိကြောင်း ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဠ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာဋီကာ ကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုအခါ သာသနိက အဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်မှုမှာ ၈၂ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း။

### အလင်းပေးပူဇော်ထား

ထို့ပြင် ညချမ်းချိန်ခါများတွင်လည်း မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိကျောက်စာရုံစေတီတော်များ၊ ရေပန်းရင်ပြင်တော်များ၊ ဘုရားကြီးရင်ပြင်တော်၊ သုခမ္မာဇရပ်များနှင့် ပင်မအဝင်လမ်းတို့၌ အများပြည်သူ ကြည်ညိုသပ္ပါယ်ဖွယ် မီးများထွန်းညှိ၍ အလင်းပေးပူဇော်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်များနှင့် သုခမ္မာဇရပ်များကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံ အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားလူငယ် မောင်မယ်တို့၏ကြိုးပမ်းမှု၊ အောင်မြင်မှုများသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြင့်မားစေပြီး မိမိတို့တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာစေမည်

**နေပြည်တော် ဧပြီ ၂၅**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

**ရက်အနည်းငယ်သာလို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်တော့မည်ဖြစ်သဖြင့် ရက်အနည်းငယ်သာလိုတော့သည့်အတွက် ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်အပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ပိုင်းဆိုင်ရာအသင့်၊ အားကစားပညာရပ်ပိုင်းဆိုင်ရာအသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အသင့်၊ အစစအရာရာပြိုင်ပွဲဝင်ကြရန် အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားကြိုးမာန်တက်၊ အောင်မြင်ရမည်၊ ဆုများဆွတ်ခူးနိုင်ရမည်ဆိုသည့် စိတ်ဓာတ်အပြည့်နှင့် **"ပွဲမဝင်ခင် အပြင်ကကျင်းပ"** ဆိုသည့်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကို မျက်ဝါးထင်ထင် တွေ့မြင်သိရှိပြီးဖြစ်သကဲ့သို့ ဆုများတစ်ပွေ့တစ်ပိုက်နှင့် အောင်မြင်မှုများနှင့်ပြန်လာမည်ကို မျှော်လင့်စောင့်စားနေကြမည်ပင်ဖြစ်ပါကြောင်း။

**"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ"** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်များ တလူလူလွှင့်ထူ ထားကြပြီဟုလည်း ယုံကြည်ထားပါကြောင်း။

**အမိအရဆုပ်ကိုင်**

ယခုသွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးသည် အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစားလူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်မည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယခုအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြသည်ကို အသိပေးမှာကြားလိုပါကြောင်း၊ မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက် အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် မောင်မယ်များအနေဖြင့် ရေကုန်ရေခန်းအားထုတ်ကြိုးပမ်းသွားကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

ယခု (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများကထက် ဆုတံဆိပ်များပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်သွင်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံတွင် အမြင့်မားဆုံးသော အိုလံပစ်အားကစားပြိုင်ပွဲဖြစ်ပြီး ယခုပြိုင်ပွဲမှာပင် ကျေနပ်မနေဘဲ အာရှအိုလံပစ်၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ မျှော်မှန်းကြိုးပမ်းသွားကြစေလိုပါကြောင်း။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ယှဉ်ပြိုင်မှုမျိုးဖြစ်ကြောင်း၊ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားလုံး သတိချပ်ကြစေလိုပါကြောင်း၊ ထို့ပြင် အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွယ်နေသည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီး ချမှတ်ဆောင်ရွက်နေသည့် ဦးတည်ချက်များထဲတွင် **"နိုင်ငံ၏အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာစေရေး"** ဆိုသည့် လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံ အပ်နှင်းစဉ်။

**စာမျက်နှာ ၆ သို့** ☆

☆ စာမျက်နှာ ၅ မှ

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍသည် အရေးကြီးပါကြောင်း၊ **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်းဖြစ်သည် "** ဆိုသည့်ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကိုအားပေးမြှင့်တင် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

**အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော်အနေဖြင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ထို့ကြောင့်လည်း မိမိတို့တာဝန်မယူမီက ရှိခဲ့သည့်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီခွဲ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားပြီး ကျန်းမာကြံ့ခိုင်သည့်၊ ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ပါကြောင်း၊ အားကစားထူးချွန်သည့် လူငယ်များကို ယခုကဲ့သို့ နိုင်ငံ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်စေခြင်းဖြင့် အားကစားလူငယ် မောင်မယ်တို့၏ကြိုးပမ်းမှု၊ အောင်မြင်မှုများသည် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြင့်မားစေပြီး မိမိတို့တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုနှင့် ဂုဏ်ပြုဆုတံဆိပ်များ ရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများကိုလည်း အသက်(၆၀) ပြည့်မြောက်သည့်အချိန်ကစပြီး သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိရာ ယနေ့အထိ အားကစားသမားကြီး ၂၃၀ ကို လစဉ် ငွေကျပ်တစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတိတိ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထဲက ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦးနှင့် လူမှုထူးချွန် တတိယအဆင့် ၆၉ ဦး တို့ကိုပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်မယ်များ အနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခု (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို ယခုအပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် မောင်တို့မယ်တို့ အားကစားအဖွဲ့အတွက် ဂုဏ်ဒြပ်ရော၊ အမျိုးသားရေးတာဝန်ကိုပါ နိုင်ငံတော်၏ ကိုယ်စားပြုနေသည် ဆိုသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် လက်ရွေးစင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

- **အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့ နိုင်ငံတကာ အားကစားပြိုင်ပွဲတစ်ရပ်ကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့်ဂုဏ်ဒြပ်နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအားလုံး သတိချပ်ကြစေလို**
- **အမိမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုး၏ဂုဏ်သိက္ခာနှင့် ပတ်သက်ဆက်နွှယ်နေသည့်အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်**

**ထိုက်တန်စွာဂုဏ်ပြုသွားမည်**

ယခုနိုင်ငံတော်ကို ကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ကောင်းမွန်သည့် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့် ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာရှိနေပြီဟု ယုံကြည်ထားပြီး ဖြစ်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့် တာဝန်ကြီးကို နိုင်ငံတော်က ပေးအပ်လိုက်ပြီးဖြစ်ခြင်းကြောင့် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း၊ အားကစားအောင်မြင်မှုများအတွက်လည်း ထိုက်တန်စွာဂုဏ်ပြုသွားမည်ဖြစ်ပါကြောင်း။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်က ကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ အပါအဝင် အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ စာမျက်နှာ ၇ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၆ မှ

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်တို့ဖြင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်ယှဉ်ပြိုင်ခဲ့ကြရန်၊ အနိုင်မခံအရှုံးမပေး ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သည့်ဇွဲ၊ လုံ့လတို့နှင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်နှင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်း တာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွှင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်နှင့် ဆုတံဆိပ်များနှင့် ပြန်လာမည့်အားကစားအဖွဲ့ကို မျှော်လင့်စောင့်ကြိုနေမည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်နိုင်ရေးအလံအပ်နှင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် လက်ရွေးစင် အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အားကစားနည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

**ဝင်ရောက်ယှဉ်ပြိုင်သွားမည်**

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင်မည့် အားကစားသမား ၃၄၁ ဦးသည် အားကစားနည်း ၁၉ နည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

- **ပညာရေးညီလာခံမှ နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့် အဖြေများ၊ ကောင်းမွန်သည့်အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု အပြည့်အဝယုံကြည်**
- **ညီလာခံတွင် ဆွေးနွေးကြမည့် ကာလတို၊ ကာလလတ်စီမံကိန်းများတွင် နောင်အနာဂတ် မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဝိုင်းဝန်းဆွေးနွေး သွားကြရမည်**

❖ ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဆောင်ရွက်သည့် အစည်းအဝေးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)အတွက် ဆက်စပ်သည့် ဝန်ကြီးဌာနများ အားလုံးပူးပေါင်းကျင်းပနိုင်ရန် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပထမဆုံးအကြိမ်ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ကို ချို့ယွင်းချက်မရှိ အမှားအယွင်းမရှိအောင် သက်ဆိုင်ရာဝန်ကြီးဌာနများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

**စနစ်တကျပြင်ဆင်ဆောင်ရွက်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ မေလဆန်းပိုင်းတွင် နေပြည်တော်၌ ကျင်းပရန် စီမံထားရှိပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတကာညီလာခံများနည်းတူ Keynote Address များ၊ Panel Discussion များ ပါဝင်မည်ဖြစ်ကြောင်း၊ အလားတူ Parallel Session နှင့်အတူ Themes, Sub–themes၊ Presentation၊ အမေးအဖြေနှင့် အကြံပြုချက် ကဏ္ဍများ ပါဝင်မည်ဖြစ်ကြောင်း၊ ညီလာခံကို မေလတွင်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ပြင်ဆင်စရာရှိသည်များကို စနစ်တကျပြင်ဆင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆွေးနွေးရမည့် ခေါင်းစဉ်များကို အပြီးသတ် ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ဆွေးနွေးပွဲကို "မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး ကောင်းမွန်စေရေး" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြု ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် စတင်တာဝန်ယူချိန်မှစ၍ ပညာရေးကဏ္ဍတိုးတက်စေရန် တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးတည်ချက် (၁၂)ရပ်၏ နောက်ဆုံးအချက်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုသည့်အချက်ပါဝင်ကြောင်း၊ အဆိုပါ ဦးတည်ချက်နှင့်အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို ကျင်းပသွားကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပညာရေးကဏ္ဍအတွက် ဘတ်ဂျက်များ တိုးမြှင့်ခွင့်ပြုပေးထားကြောင်း၊ ထို့အတူ ဆရာ ဆရာမများအတွက်လည်း ထောက်ပံ့ပေးခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍအတွက်လည်း အလားတူ ထောက်ပံ့ပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍအတွက် ခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၀ – ၂၀၂၁ ခုနှစ် (၆)လ ဘတ်ဂျက် BE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၁၁ သိန်းကျော်ခန့် ခွင့်ပြုပေးထားခဲ့ကြောင်း၊ BE ၏ GDP ကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်းနှင့် RE ၏ GDP အချိုးကိုကြည့်မည်ဆိုပါက ၁ ဒသမ ၅၅ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၂၂ – ၂၀၂၃ ခုနှစ်ကို ပြန်ကြည့်မည်ဆိုပါက BE တွင် ခွင့်ပြုငွေကျပ်သန်းပေါင်း ၂၁ သိန်းကျော်နှင့် RE တွင် ငွေကျပ်သန်းပေါင်း ၂၂ သိန်းကျော် တိုးမြှင့်ပေးခဲ့ကြောင်း၊ GDP ရာခိုင်နှုန်းကို ပြန်ကြည့်မည်ဆိုပါက ၁ ဒသမ ၇၃ ရာခိုင်နှုန်းနှင့် RE တွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းအထိ ပညာရေးနှင့်ပတ်သက်၍ အသုံးပြုခဲ့သည်ကို ပညာရေးကဏ္ဍမြှင့်တင်ရေး အားပေးမှုအဖြစ် တွေ့မြင်နိုင်ကြောင်း၊ ၂၀၂၃ – ၂၀၂၄ ခုနှစ် BE ၏ ခွင့်ပြုငွေကို ကြည့်မည်ဆိုပါက ငွေကျပ်သန်းပေါင်း ၂၁ ဒသမ ၈ သိန်းကျော် ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့အပြင် ဆရာ ဆရာမများနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ စတင်၍ ပါရဂူဘွဲ့အတွက် ငွေကျပ် သုံးသောင်း၊ မဟာဘွဲ့အတွက် ငွေကျပ် နှစ်သောင်းခွဲ၊ ဘွဲ့လွန်ဒီပလိုမာအတွက် ငွေကျပ်တစ်သောင်း ထောက်ပံ့ခဲ့ပြီး ကျောင်းအလိုက် အုပ်ချုပ်မှုစရိတ်များကိုလည်း ထောက်ပံ့ခဲ့ကြောင်း၊ ပညာရေးကဏ္ဍအတွက် အသုံးစရိတ်များ တိုးမြှင့်ခွဲဝေချထားပေးသကဲ့သို့ ဆရာ ဆရာမများ ပညာအရည်အချင်း မြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)တွင် ရည်ရွယ်ချက်များ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များ၊ ဆွေးနွေးရမည့် အချက်အလက်များကို ချမှတ်ပေးထားကြောင်း၊ ပထမအချက်အနေဖြင့် ပညာရေး တန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းရှာရန်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးက ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တတိယအချက်သည် သက်မွေးဝမ်းကျောင်းအခြေခံရရှိရေးအတွက် Grade 10, Grade 11, Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားရန်ဖြစ်ကြောင်း၊ စတုတ္ထအချက်သည် လုပ်ငန်းခွင် လက်တွေ့အသုံးကျမည့် ပညာရပ်၊ ကျွမ်းကျင်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများတွင် ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ ပဉ္စမအချက်သည် အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရန်ဖြစ်ကြောင်း၊ ဆဋ္ဌမအချက်သည် ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာရှင်များ မွေးထုတ်ရန်တို့အပြင် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ရှိလာစေရန် မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်များနှင့် လုပ်ငန်းတာဝန်များကို ထည့်သွင်းအဖြေရှာကြရန် ချမှတ်ပေးထားကြောင်း။

အဆိုပါ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာရန် ကျင်းပမည့် ပညာရေးညီလာခံတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အပြန်အလှန် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၌ Myanmar Sustainable Development Plan (MSDP) ရှေ့လုပ်ငန်းစဉ် နှစ် ၃၀ နှစ်ရှည်စီမံကိန်းရှိပြီးဖြစ်ကြောင်း၊ ယခုကျင်းပမည့်ညီလာခံတွင် ကာလတို၊ ကာလလတ် စီမံကိန်းများကို မည်သို့ဆောင်ရွက်သွားကြရမည်ဆိုသည်ကို နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ်ပေးထားသည့် ဆွေးနွေးရမည့်အချက်များကို မူတည်၍ ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျင်းပမည့် ပညာရေးညီလာခံမှ နိုင်ငံ၏အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့် အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့် ရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

**ဆွေးနွေးရမည်**

နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်အောင် ပညာသင်ယူရေး၊ ကျောင်းထွက်သူ လျော့နည်းရေးမှသည် လုံးဝမရှိတော့သည်အထိ ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ချမှတ်နိုင်ရန် ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

KG+9 ပညာရေးပြီးမြောက်သည့်အခါ စိုက်ပျိုး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များ၊ သက်မွေးပညာရပ်များကို သင်ယူတတ်မြောက်စေပြီး လက်တွေ့လုပ်ငန်းခွင်သို့ သွားရောက်နိုင်သည့် လမ်းကြောင်းနှင့် ထိုမှတစ်ဆင့် အဆင့်မြင့်ပညာအထိ ပေါင်းကူးတက်ရောက်နိုင်ရန် လမ်းကြောင်းများ ရှိပြီဖြစ်သည့်အပြင် လက်တွေ့လုပ်ငန်းခွင်သို့ ဦးမတည်ဘဲ အဆင့်မြင့်ပညာရေးသို့ ဆက်လက်လေ့လာဆည်းပူးနိုင်သည့် လမ်းကြောင်းများ ထင်ထင်ရှားရှားရှိပြီဖြစ်ကြောင်း၊ အသိပညာ အတတ်ပညာပြည့်စုံသည့် ပညာတတ်များ ပေါများစေရေးနည်းလမ်းများ ရှာဖွေနိုင်ရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ညီလာခံတွင် ဆွေးနွေးကြမည့် ကာလတို၊ ကာလလတ်စီမံကိန်းများတွင် နောင်အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများ ရရှိစေရန် ဝိုင်းဝန်းဆွေးနွေးသွားကြရမည်ဖြစ်ကြောင်း၊ စာတမ်းပြုစုကြသည့် ပညာရှင်များအနေဖြင့် မြန်မာ့ပညာရေးတိုးတက်ကောင်းမွန်စေရန် ကောင်းမွန်သည့် စာတမ်းများပြုစု၍ ဝိုင်းဝန်းဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် အစိုးရအဆက်ဆက်၌ မြန်မာ့ပညာရေးတိုးတက်မြင့်မားစေရန် နည်းလမ်းအမျိုးမျိုးဖြင့် စီမံဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နိုင်ငံ၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန် ယခုကဲ့သို့ပညာရေးညီလာခံကြီးကိုလည်း ကျင်းပခြင်းဖြစ်ကြောင်းနှင့် အားလုံးမှဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ၊ ဆွေးနွေးမည့် စာတမ်းခေါင်းစဉ်များနှင့် ပညာရေးညီလာခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးအကြံပြု တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံအကြားရထားပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန် စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၅

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးများက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ သံအမတ်ကြီးများနှင့် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**မိတ်ဆက်တင်ပြ**

အခမ်းအနားတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်း မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပတာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအား အလှည့်ကျစေလွှတ်တာဝန်ပေးအပ်ခြင်း မဟုတ်ဘဲ သင့်လျော်သူများကို ဝန်ကြီးဌာန၊ ဦးစီးဌာနအကြီးအကဲများက စိစစ်ရွေးချယ်စေလွှတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ပြည်ပတာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား (National Interest) ကို ကာကွယ်စောင့်ရှောက်ရန်၊ Diplomacy is the First Line of Defence ဆိုသည့်အတိုင်း သံတမန်များအနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၌ ရှေ့တန်းမှ ကာကွယ်စောင့်ရှောက်ရာတွင် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်သွားရန် အရေးကြီးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများသာမက သံတမန်တစ်ဦး လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လုပ်ငန်းစဉ်များအားလုံး လေ့လာသိရှိထားပြီးဖြစ်သည့်အတွက် စွဲစွဲမြဲမြဲ လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန် လတ်တလော ကမ္ဘာကြီး၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် မိမိနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုကို အမြဲမပြတ်လေ့လာပြီး သင့်တင့်မျှတသည့် တုံ့ပြန်မှုမျိုးရအောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ရာထူးကြီးငယ်မခွဲဘဲ မိမိလုပ်ဆောင်နိုင်သည့် စွမ်းရည်ကို အပြည့်အဝဖော်ထုတ်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ သစ္စာပျက်ယွင်းမှု၊ ကိုယ်ကျင့်တရားပျက်ယွင်းမှုမဖြစ်စေရန် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန် လိုအပ်ပါကြောင်း၊ စေ့စပ်ညှိနှိုင်းခြင်း(Negotiation)တွင် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံကောင်းများကို ကိုးကားပြီး နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆထားမည်ဆိုပါက အချိန်ကြာလာသည်နှင့်အမျှ လုပ်ငန်းတန်ဖိုးကျဆင်းသွားသည်ကို သတိပြုပြီး အရေးကြီးသည့် လုပ်ငန်းများကို သတ်မှတ်အချိန်အတွင်း အချိန်ကိုက်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**သံကောင်းတမန်ကောင်းဖြစ်ရန် ကြိုးစား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တာဝန်ထမ်းဆောင်ရာတွင် သံကောင်းတမန်ကောင်းဖြစ်ရန် အတတ်နိုင်ဆုံး ကြိုးစားသွားကြရန် မှာကြားလိုပါကြောင်း၊ သံဆိုသည်မှာ သံရုံး (Embassy) ကို ဆိုလိုခြင်းဖြစ်ပြီး တမန် ဆိုသည်မှာ (Messenger) ဖြစ်ပါကြောင်း၊ သံရုံးအနေဖြင့် မိမိနိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ခိုင်ခိုင်မာမာရပ်တည်ရန်နှင့် သံတမန်များအနေဖြင့် အခြားနိုင်ငံများ၊ အစိုးရတာဝန်ရှိသူများ၊ ပြည်သူများအပေါ် မိမိနိုင်ငံ၏ သဘောထားများ၊ သတင်းစကား (Message)များပေးနိုင်ရန် တာဝန်ရှိပါကြောင်း၊ နိုင်ငံကို ကိုယ်စားပြုပြီး ပြည်ပတွင် သွားရောက်တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် သံတမန်များ နိုင်ငံတကာကျင့်ဝတ်စည်းမျဉ်းများအရ ထိုက်သင့်သည့် Privilege and Immunity များလည်း ခံစားခွင့်ရှိပါကြောင်း၊ Privilege ဟုဆိုရာတွင် သံတမန်အဖြစ် အသိအမှတ်ပြုပြီး အဆင့်အတန်းတစ်ခုကို ပေးအပ်ထားခြင်းဖြစ်သည့် အားလျော်စွာ သံတမန်ကောင်းတစ်ယောက်ဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ထိုသို့ ဖြည့်ဆည်းရာတွင် အချက်သုံးချက်ကို ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရည်အချင်း တိုးတက်အောင်၊ အများက လေးစားသော သံတမန်ကောင်းဖြစ်အောင်၊ ရင့်ကျက်သော သံတမန်ကောင်းဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း၊ ဗဟုသုတပိုင်းတွင် နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာဥပဒေများ၊ ဗီယင်နာကွန်ဗင်းရှင်းပါ နည်းဥပဒေများကို ပြည့်စုံအောင်ဖြည့်ဆည်းသွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ် ထိစပ်နေသော ကျေးရွာချင်းဆက်လမ်းအား ဖောက်လုပ်ပြီးစီး

မလှိုင် ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လဲတောကျေးရွာနှင့် မိတ္ထီလာမြို့နယ် မိုးကောင်းကျေးရွာ ကျေးရွာချင်းဆက်လမ်းအား တာချီလိတ်မြို့နေ ဦးရဲမြင့်စိုး-ဒေါ်ခင်ဌေးမြင့် လွယ်စီတုံ ကုမ္ပဏီလီမိတက် မိသားစုက ဖောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် ယခင်က ဆိုင်ကယ်ဖြင့်သာသွားလာနိုင်သည့် လမ်းဖြစ်ပြီး ဧပြီ ၂ ရက်မှစတင်၍ ဘတ်ဟိုးအကြီးနှစ်စီး၊ မြေထိုးစက်ကြီးနှစ်စီး၊ မြေသယ်ယာဉ်ငါးစီးတို့ဖြင့် အရှည်ငါးမိုင်၊ အကျယ် ပေ ၄၀ မြေသားလမ်းကို ဧပြီ ၂၅ ရက်တွင် ရာနှုန်းပြည့် ဖောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါ လမ်းကို ကာလတန်ဖိုးငွေကျပ်သိန်း ၂၀၀၀ အကုန်ကျခံ ဖောက်လုပ်ပြီးစီးခဲ့မှုအပေါ် ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူး ဦးလှမိုးထွေးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး အလှူရှင်မိသားစုကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးခဲ့သည့်အတွက် မလှိုင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်သို့ ရာသီမရွေးသွားလာနိုင်သည့်အပြင် ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဝ၅ဝ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်နေသည့် လူအင်အား၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်နေမှု၊ သီဆိုဖျော်ဖြေမည့် တေးသံရှင်များနှင့် တေးသီချင်းများရွေးချယ်လျာထားမှု၊ LED တပ်ဆင်နေမှုနှင့် အသံစနစ်အတွက် လိုအပ်သည့်ပစ္စည်းများ ရောက်ရှိမည့်ရက်၊ အစမ်းလေ့ကျင့်မည့်ရက်၊ ရွှေကြိုများ ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေမှု၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးကိစ္စရပ်များ၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့် အကယ်ဒမီဆုပေးပွဲစင်မြင့် တည်ဆောက်နေမှု၊ ဖွင့်ပွဲတွင် နည်းပညာမြင့် 3D Projection Mapping စနစ်ဖြင့် ဖွင့်လှစ်ရန် ဆောင်ရွက်ထားမှု၊ LED ဘုတ်များ တပ်ဆင်နေမှု၊ ဖျော်ဖြေရေးစင်မြင့်များ တည်ဆောက်နေမှု၊ မီးအလှဆင်ခြင်း၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet)နေရာ၊ အခမ်းအနားသို့ တက်ရောက်ကြမည့်သူများအတွက် နေရာထိုင်ခင်းနှင့် လေအေးပေးစက်များ စီစဉ်ဆောင်ရွက်မည့်အခြေအနေ၊ မီဒီယာဇုန်သတ်မှတ်ထားမှု၊ မီးရှူးမီးပန်းများ ပစ်ဖောက်မည့်အခြေအနေနှင့် မုခ်ဦးများ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် အသံပိုင်းနှင့် မီးပိုင်းဆိုင်ရာကိစ္စရပ်များ လစ်ဟာမှုမရှိအောင် ကြိုတင်ပြင်ဆင်ထားရှိရန်၊ ရာသီဥတုအခြေအနေကို ထည့်သွင်းတွက်ချက်ထားရန်၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေထိုင်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန်၊ အခမ်းအနားအစီအစဉ်များ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်လဟာပြင်ကဇာတ်ရုံ၌ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၆ ရက်တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ်တွင် အခမ်းအနားသို့တက်ရောက်လာကြသည့် အနုပညာရှင်များအနက်မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဖက်ရှင်ဆုများ(Fashion Awards) ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေး

ဘားအံ ဧပြီ ၂၅

မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပြီး တောရောမြို့ပါမကျန် အကြားအလပ်မရှိ မျှတအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၃၆၆ ဒသမ ၅၇၀ သန်းဖြင့် ဘောနေ်ာထူးကုမ္ပဏီက တာဝန်ယူတည်ဆောက်သော ကော့ကရိတ်မြို့နယ် ကျိုက်ပေါင်-လိုင်းဒါ-ကော့လေးဖိုး-ကော့ကစွယ်-ရွာဟောင်း- ကော့ဖာထော် - ကော့ဆံမိန်- ရွာကိုင်းကောင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကြက်တူရွေးချောင်းကူး ပေ ၂၀၀ သံကူကွန်ကရစ်တံတား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၂၇၅ ဒသမ ၈၉၇ သန်းဖြင့် ရွှေရောင်လွင်ပြင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်သော လှိုင်းဘွဲမြို့နယ် အထက်ပိုင်ကျုံ-တနင်းတရော-မဲပရကြီး-မဲပရလေး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မဲသပုံချောင်းကူး သံကူကွန်ကရစ်တံတား အရှည် ပေ ၁၅၀ အား ရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် လောက်ကိုင်ခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

လောက်ကိုင် ဧပြီ ၂၅

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူတို့သည် ဧပြီ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်အားကစားကွင်း ပြန်လည်ပြုပြင်မည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လောက်ကိုင်ခရိုင် အား/ကာဦးစီးမှူးက အားကစားကွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ဒေသဦးစီးခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်သည် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က ဒေသဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများက ဒေသလိုအပ်ချက်များ တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ စီးပွားကူးသန်းသွားလာရေး အဆင်ပြေစေရန် နယ်စပ်ဂိတ်ပေါက်ဖြစ်သည့် ရန်လုံကျိုင်းဂိတ်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ကိုးကန့်ဆွေကုမ္ပဏီ၏ အသေးစားရေအားလျှပ်စစ်စက်ရုံများနှင့် တရုတ်နိုင်ငံမှ လျှပ်စစ်ဓာတ်အားရယူ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၈ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် )

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ ချီဖွေခရိုင်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ချန်းမေ အိမ်ရာ(၁၇)၊ အမှတ်(၃) ရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P(Kachin)]** ကို ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြု ကြောင်း ကြေညာလိုက်သည်။

**ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)]** ၏ မှတ်ပုံတင်အမှတ်မှာ (၃) ဖြစ်ပါ သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မေ ၂၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင် လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့် အဖွဲ့များအနက် **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ** သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက် ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ဖက်ဒရယ်ဒီမိုကရက်တစ် ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင် သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည် ဖြစ်ပြီး ပါတီတည်ထောင်ခွင့် လျှောက်ထားသည့် ကျန်အဖွဲ့များကို လည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၉ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် )

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ရတနာဒီပ၊ ငုရွှေဝါလမ်းနှင့် အင်ကြင်း(၂)လမ်းထောင့်တွင် ပါတီရုံးချုပ်ဖွင့်လှစ် ထားရှိသော **ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၄) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၁၀ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက် )

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ် ထားရှိသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**ကို ၂၀၂၃ ခုနှစ်၊ မေ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ် မှာ (၅) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည် တော်အတွင်း သဘာဝ ဘေးအန္တရာယ်များနှင့်ပတ်သက် ၍ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို ထိရောက်စွာ ဆောင်ရွက် နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

**ယာယီနေထိုင်နိုင်ရေး**

ဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လယ်ဝေးမြို့နယ်အတွင်း လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံး ခဲ့သည့် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်း ကျေးရွာတို့တွင် လူနေအိမ်များ စနစ်တကျ အကွက် ဖော်ပြီး ပြန်လည်တည်ဆောက် ပေးနိုင်ရေး၊ လျှပ်စစ်မီးပြန်လည် ရရှိစေရေး၊ လေဘေးသင့်ပြည်သူ များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံ ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ် ရေးကောင်းမွန်အောင် ဆောင်ရွက် စေလိုကြောင်း၊ ယာယီနေထိုင်နိုင် ရေးအတွက် အမိုးအကာများ စီစဉ် ဆောင်ရွက်ပေးရေး၊ သောက်သုံး ရေရရှိရေး၊ ဘုန်းတော်ကြီးကျောင်း နှင့် စာသင်ကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေ လိုကြောင်း၊ အလှူရှင်များက လာရောက်လှူဒါန်းသည့်ထောက်ပံ့ ပစ္စည်းများအား စနစ်တကျ ပြန်လည်ခွဲဝေပေးနိုင်ရေးတို့ကို ဌာနဆိုင်ရာများအနေဖြင့် အလေး ထား ပူးပေါင်းဆောင်ရွက်ပေးစေ လိုကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်များနှင့် ဌာန ဆိုင်ရာများက ယာယီနေထိုင်နိုင် ရေးအတွက် အမိုးအကာ ဆောင်ရွက်ထားရှိမှု ၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု၊ ရေရရှိရေး ဆောင်ရွက်ပေးနေမှု ၊ လျှပ်စစ်မီး သွယ်တန်းနေမှု အခြေအနေများ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ လက်ခံရရှိမှုတို့ကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြ ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

**နေပြည်တော် မေ ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co.,Ltd က တင်သွင်းလာသော တရုတ်နိုင်ငံ ထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 7 KW ၁၀ ခု၊ 11 KW ၁၀ ခု၊ 22 KW ၁၀ ခု၊ 60 KW ခြောက်ခုနှင့် 240 KW နှစ်ခု စုစုပေါင်း လျှပ်စစ်သုံးယာဉ် အားသွင်းစက် ၃၈ ခုသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူ ခွင့်ပြုခဲ့ပြီး အဆိုပါလျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှု အတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများအား ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း(၂၀) တို့မှ လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့် ရာထူးလစ်လပ် (၄၇၇ )နေရာအတွက် ကြော်ငြာစာအမှတ်၊ ( ၃/၂၀၂၃) ဖြင့် ၂၆– ၄ – ၂၀၂၃ နှင့် ၂၇ – ၄ – ၂၀၂၃ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပြီး လျှောက်လွှာပိတ်ရက်ကို ၂၆– ၅ –၂၀၂၃ ရက်နေ့အဖြစ် သတ်မှတ်ထား ပါသည်။

ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် e–Recruitment and Selection System [ UCSB e–RSS Mobile Application နှင့် UCSB e–RSS Web Based] တို့ကို အသုံးပြု၍ Android Devices, I Phone and Web Browser မှတစ်ဆင့် အချိန်မီဝင်ရောက် လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၂၆ – ၅–၂၀၂၃ ရက်နေ့ ထက် ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို System မှ အလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

လျှောက်ထားသူများအနေဖြင့် e–Recruitment and Selection System [ UCSB e– RSS Mobile Application] ကို Google Play Store , Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရမည် ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် ဖြစ်သည့် User Guide နှင့် အသုံးပြုခြင်းဆိုင်ရာအချက်အလက်တို့ ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal ဖြစ်သော www.myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြား စုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ် (၁၇)၊ နေပြည်တော် (ဖုန်း၊ ၀၆၇–၃၄၀၉၀၅၂၊ ၀၆၇–၃၄၀၉၄၃၀၊ ၀၉–၄၂၄၄၀၈၉၅၄၊ ၀၉–၄၂၀၇၀၆၆၀၅၊ ၀၉–၄၂၀၇၀၆၆၀၆၊ ၀၉–၇၉၇၇၂၇၆၉၆၊ ၀၉–၄၄၁၉၃၇၃၄၃၊ ၀၉–၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် အာဆီယံ–တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြား





**နေပြည်တော် ဧပြီ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Tang Renjian ၏ဖိတ်ကြားချက်အရ ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အာဆီယံ–တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှု ရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနား၊ အာဆီယံ–တရုတ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ဖိုရမ်နှင့် (၂၄)ကြိမ်မြောက် သိပ္ပံနည်းကျစိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ပြပွဲ များသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ma Youxiang ဦးဆောင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လယ်ယာထွက်ကုန်များ ဖြစ်သည့် သီးနှံထွက်ကုန်များသာမက ပြုပြင်ထားသော အေးခဲအမဲသား၊ အေးခဲဆိတ်သားနှင့် အေးခဲဘဲသား စသည်တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး၊ တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီအောက်တွင် လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကော်မတီ အစည်းအဝေး ဆက်လက်ကျင်းပနိုင်ရေး၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ ပူးပေါင်းပြီး စပ်မျိုးနေကြာနှင့် အာလူးမျိုး အပါအဝင် အခြားအရေးကြီးသီးနှံများ၏ မျိုးမွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တရုတ်–မြန်မာနယ်စပ်အနီး ရှိ ကွတ်ခိုင်မြို့နယ်၌ တိရစ္ဆာန်ရောဂါစောင့်ကြည့်ရေး စခန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ လာရောက်စစ်ဆေး၍ အတည်ပြုနိုင်ရေး၊ မြန်မာ့ မွေးမြူရေးတောင်သူများ၏ သိုး၊ ဆိတ်မွေးမြူရေး လုပ်ငန်းများ အောင်မြင်စွာတိုးချဲ့ဆောင်ရွက်နိုင်ရေး အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ကူညီထောက်ပံ့ပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေရရှိရေး၊ ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများအတွက် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ကူညီထောက်ပံ့ မှုများ ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးနိုင်ရေးဆိုင်ရာ များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Kempinski Hotel Beijing Yansha Center ၌ ကျင်းပသည့် အာဆီယံ– တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတက်ရောက်စဉ် အာဆီယံ– တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တွေ့ဆုံ နှုတ်ဆက်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ထင်ရှားသည့် အမှတ်အသားများကို သဲပန်းချီဖြင့် ရေးဆွဲသရုပ်ဖော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဒုတိယဝန်ကြီး H.E. Mr. Ma Youxiang နှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်တို့က မိန့်ခွန်းများ ပြောကြားကြသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားရေရိက္ခာ ပြည့်စုံဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ထားပါ ကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ရာသီဥတု အခြေအနေကောင်းမွန်ခြင်း၊ မြေဆီဩဇာ ကောင်းမွန်ခြင်း၊ ရေသယံဇာတကြွယ်ဝခြင်းတို့ ကြောင့် သီးနှံမျိုးစုံကို စိုက်ပျိုးထုတ်လုပ်နိုင်ပါ ကြောင်း၊ “စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ သည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး”သည် မြန်မာနိုင်ငံတော် အစိုးရ၏ စီးပွားရေးဦးတည်ချက်များအနက် တစ်ခု ဖြစ်ပါကြောင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာဖူလုံစေရေးအတွက် ၂၀၂၂–၂၀၂၃ ခုနှစ် အတွင်း လယ်ယာထွက်ကုန်များကို ယခင်နှစ်များ ထက် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခဲ့ပါကြောင်း၊ ၂၀၂၂– ၂၀၂၃ ခုနှစ်များမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိပါကြောင်း၊ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆိုင်ရာ ထောက်ပံ့ကူညီမှုများကို မြန်မာ–တရုတ် နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၊ ပိုးလမ်းမစီမံကိန်း စသည့် ပူးပေါင်း ဆောင်ရွက်မှုအသီးသီးမှတစ်ဆင့် ရရှိခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအား အထူးကျေးဇူး တင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အစီအစဉ်အရ အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ် များက ကဗျာရွတ်ဆိုပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဧည့်သည် တော်များက အာဆီယံ–တရုတ် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံမှုရှိစေရေး အထိမ်းအမှတ်နှစ် ဖွင့်ပွဲအခမ်းအနားကို တရားဝင် ဖွင့်လှစ်ကြောင်း ကြေညာပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်ဘဏ်လီမိတက် နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ်ကျင်းပ

**နေပြည်တော် ဧပြီ ၂၅**

ရန်ကုန်မြို့တော်ဘဏ်လီမိတက်၏ နှစ်(၃၀) ပြည့် ပုလဲရတုအထိမ်းအမှတ်ကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် ဘဏ်လီမိတက် နာယက(မြို့တော်ဝန်)က အမှာ စကားပြောကြားကာ အမှုဆောင်အရာရှိချုပ်က နှစ်(၃၀)ကာလအတွင်း ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော်ဘဏ် စတင် တည်ထောင်ခဲ့သည့် ပုဂ္ဂိုလ်များကို လက်ဆောင် ပစ္စည်းများချီးမြှင့်ခဲ့ပြီး ဘဏ်ဝန်ထမ်း လုပ်သက် နှစ်(၃၀)ပြည့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်း ၁၀ ဦးအတွက် ဂုဏ်ပြုဆုငွေချီးမြှင့်ကာ ရန်ကုန်မြို့တော် ဘဏ်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွက် ဝန်ထမ်း ဆုကြေးငွေများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဘဏ်ဝန်ထမ်းများကိုယ်စား ဘဏ်ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၅၂၁၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၂၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၁၆,၄၈၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၄၇၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၁၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီးနေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



# စစ်ကိုင်းတိုင်းဒေသကြီး၌ သုတေသနစိုက်ခင်းများပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးရှိ သုတေသနစိုက်ခင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးသို့ရောက်ရှိရာ မှိုမျိုးစုံ၊ မျိုးစေ့နှင့် စိုက်ထုတ်သုတေသနပြုစမ်းသပ်ခန်းတွင် အသုံးပြုလျက်ရှိသော ဝပ် ၅၀၀၀ ထွက်ရှိသည့် ဆိုလာတပ်ဆင်ထားရှိမှုနှင့် မှိုမျိုးစုံ၊ မျိုးစေ့နှင့် စိုက်ထုတ်သုတေသနပြု စမ်းသပ်ခန်းအတွင်း မှိုမျိုးစုံထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး တာဝန်ရှိသူများနှင့်အတူ တောင်သူများထံ ထရိုင်ဂိုဂရားမား ဥကပ်ပါး နကျယ်များနှင့် မျိုးစေ့များထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထရိုင်ဂိုဂရားမား ဥကပ်ပါး နကျယ်မွေးမြူထုတ်လုပ်ရေး ဓာတ်ခွဲခန်းသို့ ရောက်ရှိရာ ဥကပ်ပါး နကျယ်မွေးမြူထုတ်လုပ်မှု အဆင့်ဆင့်ကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ သင်တန်းသား သင်တန်းသူများအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနား ကျင်းပ

**လှိုင်ကော် ဧပြီ ၂၅**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက် ၉ နာရီတွင် လှိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကျင်းပသည့် လှိုင်ကော်မြို့ ပညာရေး ဒီဂရီကောလိပ်၏ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ ပထမနှစ်(၃/၂၃) နှင့် ဒုတိယနှစ်(၁/၂၂) သင်တန်းသား သင်တန်းသူများအား ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြောကြားသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မျိုးဆက်သစ်နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးသည့် ဆရာ ဆရာမများသည် ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေးကဏ္ဍကို ခိုင်ခံ့မြင့်မားအောင်တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံး၍ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍသာမက ကျန်းမာရေး၊ လူမှုရေး၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ဆောင်ရွက်နိုင်သည့် လူထုအကျိုးပြုသူများအဖြစ် စွမ်းဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းသို့ ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၂၇၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



❑ **အာရှဖလားမှ**

တက်ရောက်ခွင့်ရရန် အခြေအနေကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲကို အိမ်ရှင်အသင်းနှင့် စတင်တွေ့ဆုံသဖြင့် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ပွဲအစတွင် ဦးဆောင်ဂိုးသွင်းယူနိုင်သည့်အပြင် ပွဲကိုထိန်းချုပ်နိုင်ခဲ့သဖြင့် အနိုင်သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် သူဇာအောင် (ဂိုး)၊ ယမင်းဖြူ၊ ယုယုနိုင်၊ မင်းမင်းနု၊ ဟန်နီမိုးလွင်၊ ကေသွယ်ဖြိုးဦး၊ ငြိမ်းငြိမ်းဖြိုး၊ ယုယနိုင်၊ ခင်ဖုန်း၊ သဲအိလှိုင်၊ ဇခါရိုရ်ရိစီတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားပြီး လေးမိနစ်တွင် ယုယနိုင်က မြန်မာအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ပွဲပြီးခါနီးတွင် မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရသော်လည်း ကေသွယ်ဖြိုးဦး၏ ကန်သွင်းမှုကို ကာဂျစ္စတန်ဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ပထမအဆင့်ခြေစစ်ပွဲ အုပ်စု (F) တွင် မြန်မာ၊ အိန္ဒိယနှင့် ကာဂျစ္စတန်အသင်းတို့ ပါဝင်နေပြီး မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဧပြီ ၂၈ ရက်တွင် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ကိုညီလေး**

# လက်ပံတန်းမြို့၌ (ပထမ)အကြိမ် အင်းများ လေလံတင်ရောင်းချ

**လက်ပံတန်း ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက (ပထမ)အကြိမ် အင်းများ လေလံတင်ရောင်းချခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစိုးမင်း၊ ခရိုင်ဦးစီးမှူး ဦးတင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်ဝင်းခိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးဇော်မင်းလွင်နှင့် ဌာနဆိုင်ရာများ၊ အင်းသားကြီးများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိက အင်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြကာ အင်းပေါင်း ၃၁ အင်းကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာ အင်းသားကြီးများက အင်းပေါင်း ၂၀ ဝယ်ယူ၍ ကျပ်သိန်းပေါင်း ၁၀၃၈ သိန်း ရရှိကြောင်း သိရသည်။ **အောင်ဆင့်**

## အိန္ဒိယနိုင်ငံက ဧပြီလတွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာမည်

**ကုလသမဂ္ဂ ဧပြီ ၂၅**

အိန္ဒိယနိုင်ငံသည် ယခုဧပြီလတွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ယခု ဧပြီလကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ၁၄၂၅၇၇၅၈၅၀ ရှိလာမည်ဟု မျှော်လင့်ထားကြောင်းနှင့် ယင်းအရေအတွက်သည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံ ဖြစ်လာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးရာဌာနက ဧပြီ ၂၄ ရက်တွင်ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါခန့်မှန်းချက်သည် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာလူဦးရေ နောက်ဆုံးခန့်မှန်းချက်ပေါ်တွင် အခြေပြုထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၏လူဦးရေသည် လာမည့်ဆယ်စုနှစ်များအတွင်း ဆက်လက်တိုးလာမည်ဟု မျှော်လင့်ရကြောင်းလည်း ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၃ ခုနှစ်နှင့် ၂၀၅၀ ပြည့်နှစ်အတွင်း အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ရှိသူ အရေအတွက်သည် နှစ်ဆကျော်မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကြန့်ကြာခဲ့ရပြီး လက်ရှိတွင် ၂၀၂၄ ခုနှစ်၌ လူဦးရေသန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**





## ပေါ်တူဂီနှင့် ဘရာဇီးတို့က ဥရောပ၌ စစ်သုံးလေယာဉ် ထုတ်လုပ်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**လစ္စဘွန်း ဧပြီ ၂၅**

ပေါ်တူဂီကာကွယ်ရေးဆိုင်ရာ အာကာသယာဉ်ကုမ္ပဏီများနှင့် ဘရာဇီးလေကြောင်းကုမ္ပဏီ Embraer တို့သည် ဥရောပတွင် စစ်သုံးလေယာဉ်များထုတ်လုပ်ရန် ဧပြီ ၂၄ ရက်က နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ပေါ်တူဂီနိုင်ငံသို့ လေးရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား နှင့် ပေါ်တူဂီဝန်ကြီးချုပ် အန်တိုနီယိုကော်စတာတို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းစစ်သုံးလေယာဉ်များကို A-29 Super Tucano အပေါ့စားတိုက်ခိုက်ရေးလေယာဉ်များနှင့် ဆက်စပ်သည့်နည်းပညာများအား အသုံးပြုတည်ဆောက်သွားမည်ဖြစ်ကြောင်း Embraer ကာကွယ်ရေးနှင့် လုံခြုံရေးကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဂျာအိုဘော့စ်ကို ကော်စတာ ဂျူနီယာက ပြောကြားသည်။

Embraer ကုမ္ပဏီသည် ကမ္ဘာပေါ်ရှိ အရေးပါဆုံးသော လေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် လုပ်သားများအား ပံ့ပိုးမှုတိုးမြှင့်ရန် ဗီယက်နမ်ဆောင်ရွက်မည်

**ဟန္နိုင်း ဧပြီ ၂၅**

ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့်လုပ်သားများအား လူမှုစီးပွားဘဝပြည့်စုံသည့်အခြေအနေများကို ဖန်တီးပေးခြင်းဖြင့် ဗီယက်နမ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးအခြေအနေများ တိုးတက်လာမည်ဖြစ်ကြောင်း ဒေသန္တရမီဒီယာက ယနေ့ဖော်ပြသည်။

၂၀၁၃မှ ၂၀၂၂ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံက လုပ်သားတစ်သန်းနီးပါးအား ပြည်ပနိုင်ငံများသို့ စေလွှတ်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ မှတ်တမ်းကိုကိုးကား၍ ဗီယက်နမ်နယူးစ်သတင်းစာက ပြောကြားသည်။ လက်ရှိအချိန်တွင် ပြည်ပတွင်သွားရောက်လုပ်ကိုင်သည့် နိုင်ငံသားအလုပ်သမားများ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာခြင်းဖြင့် အားသစ်လောင်းစေပြီး ၎င်းတို့သည် နိုင်ငံ၏စီးပွားရေး၊ လူမှုရေးများ တိုးတက်စေမည့် အရင်းအမြစ်များဖြစ်လာမည်ဖြစ်သောကြောင့် လိုအပ်သည့်ပံ့ပိုးမှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး Nguyen Ba Hoan က ပြောကြားသည်။

၎င်းလုပ်သားများ ပြည်ပမှရရှိလာခဲ့သည့် အတွေ့အကြုံများသည် တန်ဖိုးမဖြတ်နိုင်သောအရင်းအနှီးများဖြစ်ကြောင်းနှင့် ၎င်းအတွေ့အကြုံများအား နိုင်ငံ၏စီးပွားရေးနှင့်ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးများတွင် အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ရုရှားနိုင်ငံက အာကာသထဲ၌ ပထမဆုံးရိုက်ကူးခဲ့သည့်ရုပ်ရှင် ရုံတင်ပြသ

**မော်စကို ဧပြီ ၂၅**

ရုရှားနိုင်ငံက အာကာသထဲ၌ ပထမဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၂၀ ရက်က ရုံတင်ပြသခဲ့ကြောင်း သိရသည်။

စိန်ခေါ်မှုဟု အမည်ရသည့် အဆိုပါဇာတ်ကားသည် နိုင်ငံတကာ အာကာသစခန်းတွင် တာဝန် ထမ်းဆောင်နေသည့် ဒဏ်ရာရ အာကာသယာဉ်မှူးအား သွားရောက်ကုသပေးရန် စေလွှတ်ခံရသည့် ခွဲစိတ်ဆရာဝန်တစ်ဦး၏ အကြောင်းကို ရိုက်ကူးထားခြင်းဖြစ်သည်။



ပါဝင်ရိုက်ကူးမည့် သရုပ်ဆောင်နှင့် ဒါရိုက်တာတို့အား ၂၀၂၁ ခုနှစ် အောက်တိုဘာလ အတွင်းကပင် အာကာသအတွင်းသို့ ကြိုတင်စေလွှတ်ပြီး ဇာတ်ဝင်ခန်းများ ရိုက်ကူးခဲ့သည်။

ရုရှားနိုင်ငံသည် ပထမဆုံးအကြိမ်အဖြစ် အာကာသထဲတွင် ရုပ်ရှင်ရိုက်ကူးနိုင်ခဲ့ကြောင်း ရုရှားသမ္မတပူတင်က ကရင်မလင်နန်းတော်၌ ချီးကျူးပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် အာကာသလုပ်ငန်းတွင် ရှေ့ဆောင်လမ်းပြအဖြစ် အမျိုးသား၊ အမျိုးသမီးနှင့် ခွေးတစ်ကောင်တို့အား အာကာသထဲသို့ ယခင်က ပို့ဆောင်နိုင်ခဲ့ခြင်း အပြင် ယခုကဲ့သို့ အာကာသထဲတွင် ပထမဆုံးအကြိမ် ရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားကို အောင်မြင်စွာ ရိုက်ကူးပြသနိုင်ခဲ့သည်။

ယခုပြသသည့် ရုပ်ရှင်အား ရုရှား အာကာသအေဂျင်စီ (Roscosmos)နှင့် ရုရှားရုပ်မြင်သံကြားချယ်နယ်ဝမ်းတို့ပူးပေါင်းရိုက်ကူးခြင်းဖြစ်သည်။

**ကိုးကား - ခမာတိုင်းစ်**
**ဘာသာပြန် - စိုးသူရ**

## တောင်ဆူဒန်နိုင်ငံက ဆူဒန်၌ဖြစ်ပွားသောပဋိပက္ခကြောင့် ထွက်ပြေးလာသည့် အရပ်သား ၁၀၀၀၀ ကျော်အား လက်ခံထား



**ဂျူဘား ဧပြီ ၂၅**

တောင်ဆူဒန်နိုင်ငံသည် အိမ်နီးချင်း ဆူဒန်နိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခကြောင့် ထွက်ပြေးလာသည့် အရပ်သား ၁၀၀၀၀ ကျော်ကို လက်ခံထားကြောင်း ဧပြီ ၂၅ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါ ထွက်ပြေးလာသူများအနက် အများစုမှာ တောင်ဆူဒန်နိုင်ငံသားများဖြစ်ကြောင်းနှင့် အခြားသူများမှာ ဆူဒန်၊ ကင်ညာ၊ ယူဂန္ဓာနှင့် ဆိုမာလီယာနိုင်ငံတို့မှ နိုင်ငံသားများဖြစ်ကြောင်း တောင်ဆူဒန်နိုင်ငံ နိုင်ငံခြားရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ခေတ္တဝန်ကြီး ဒန်ဒေါဒန်က ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

တောင်ဆူဒန်အစိုးရသည် နိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိလာသော တောင်ဆူဒန်နိုင်ငံသားများအား လက်ခံရန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်တည်းမှာပင် အိမ်နီးချင်းနိုင်ငံတချို့မှ နိုင်ငံသားများအပါအဝင် အရပ်သား ၁၀၀၀၀ နီးပါးရောက်ရှိခဲ့ကြောင်း တောင်ဆူဒန်နိုင်ငံ နိုင်ငံခြားရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးခေတ္တဝန်ကြီးက ပြောကြားသည်။

ထို့ပြင် တောင်ဆူဒန်နိုင်ငံအစိုးရသည် အခြားသောနိုင်ငံများအနေဖြင့် ၎င်းတို့၏ သံတမန်ရေးဆိုင်ရာဝန်ထမ်းများနှင့် နိုင်ငံသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းလိုပါက တောင်ဆူဒန်နိုင်ငံ၏ လေပိုင်နက်ကို ဖွင့်လှစ်ထားပါကြောင်းလည်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော်　မေ ၂၅**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်နေသည့် နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ရပ်နှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးပို့ တိုင်ကြားချက်အရ မေ ၁၉ ရက် မွန်းလွဲတွင် သန်လျင်မြို့နယ် ပေါက်တောကျေးရွာ အနီးပတ်ဝန်းကျင်အား ပိတ်ဆို့ရှာဖွေရှင်းလင်းခဲ့ရာ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **ရီထွေး**အား AK-47 တစ်လက်၊ Type-056 တစ်လက်၊ Glock-19 တစ်လက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ၇ ဒသမ ၆၂ ကျည် ၆၈ တောင့်၊ ၉မမ ကျည် ၃၆၉ တောင့်၊ ပွိုင့်-၃၈၀ ကျည် ၁၅ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ရီထွေး၏ ထွက်ဆိုချက်အရ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ထက်ရဲလင်း(ခ)အေးမောင်နှင့် အဖွဲ့ဝင်အချို့သည် ရန်ကုန်မြို့အတွင်း၌ ဖြန့်ခွဲအခြေပြုတိမ်းရှောင်လျက်ရှိကြောင်း သိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အထက်ဗဟိုလမ်း မုဒိတာအိမ်ရာ တိုက်အမှတ်(C) (၄)လွှာ အခန်း(၄၀၉)မှ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ထက်ရဲလင်း(ခ)အေးမောင်၊ စိုးထက်အောင်(ခ)သာလိကာ၊ ကျော်မင်းထက်(ခ)စာကလေး**တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်မင်းထက်(ခ)စာကလေး**၏ ထွက်ဆိုချက်အရ ယင်းနေ့ ညနေပိုင်းတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်အောင်ကျော်လမ်း တိုက်အမှတ်(၃၆) (၄)လွှာ အခန်း(A)၌ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **မိုးပြည့်စုံကျော် (ခ)ဒေဝ(ခ) မှတ်ကြီး၊ အောင်မျိုးလွင်(ခ)DK(ခ)ဇော်ကြီးသားနှင့် သန့်ဇင်ဦး(ခ)ဗိုက်ကလေး**တို့ သုံးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ထက်ရဲလင်း(ခ)အေးမောင်**၏ ထွက်ဆိုချက်အရ မေ ၂၃ ရက် နံနက်ပိုင်းတွင် ခရမ်းမြို့နယ် မကျည်းကုန်းကျေးရွာနှင့် သုံးခွမြို့နယ် ဆည်ကြီးကုန်းကျေးရွာအကြားရှိ လယ်ကွင်းအတွင်း သိုဝှက်မြှုပ်နှံထားသော BA-63 နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၇ ဒသမ ၆၂ ကျည် ၂၅ တောင့်တို့ကိုလည်းကောင်း၊ ခရမ်းမြို့နယ် ညောင်ပင်ကျေးရွာနှင့် အလယ်ကျေးရွာ အကြားရှိ လယ်ကွင်းအတွင်း သိုဝှက်မြှုပ်နှံထားသော ပွိုင့်-၃၈၀ ပစ္စတိုတစ်လက်၊ Beretta ပစ္စတိုတစ်လက်၊ M-4 ကာဘိုင် နှစ်လက်၊ M-22 တစ်လက်၊ ပွိုင့်-၃၀ ကာဘိုင်တစ်လက်၊ ၄၀ မမ ဖုံးပစ်လောင်ချာတစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ ပွိုင့်-၃၈၀ ကျည် ခုနစ်တောင့်၊ ၉ မမ ကျည် ရှစ်တောင့်၊ ပွိုင့်-၃၀ ကျည် ၂၅ တောင့်၊ ၅ ဒသမ ၅၆ ကျည်တောင့် ၁၂၀၊ ၇ ဒသမ ၆၂ ကျည် ၂၀၀၊ ၄၀ မမ ဖုံးသီး ငါးလုံး၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ပွိုင့်-၃၀ ကာဘိုင်ကျည်အိမ်(အရှည်/အတို) နှစ်ခု၊ M-4 ကာဘိုင်ကျည်အိမ် ငါးခု၊ M-22 ကျည်အိမ် ငါးခု၊ လက်လုပ်လက်ပစ်ဗုံး ခြောက်လုံးတို့ကို လည်းကောင်း၊ မေ ၂၄ ရက် ညပိုင်းတွင် ခရမ်းမြို့နယ် ကန်သာကျေးရွာ၏ အနောက်ဘက်ရှိ ကောက်ရိုးပုံ အတွင်းမှ M-16 နှစ်လက်၊ M4A1 တစ်လက်၊ ၁၂ ဗို့ တစ်လက်၊ ၄၀ မမ လက်လုပ်ဖုံးပစ်လောင်ချာတစ်လက်၊ ပွိုင့်-၃၈၀ ကျည် ၂၆ တောင့်၊ ၉ မမ ကျည် ၆၈ တောင့်၊ ၅ ဒသမ ၅၆ ကျည် ၄၈၀၊ ၇ ဒသမ ၆၂ ကျည် ၁၉၆ တောင့်၊ ၁၂ ဗို့ ကျည် ၄၀၊ ၄၀ မမ ဖုံးသီး ၁၉ လုံး၊ စနိုက်ပါကျည်အိမ် တစ်ခု၊ M-22 ကျည်အိမ် တစ်ခု၊ M-16 ကျည်အိမ် သုံးခု၊ ၁၂ ဗို့ကျည်အိမ် နှစ်ခု၊ M4A1 ကျည်အိမ် နှစ်ခုတို့ကို လည်းကောင်း ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်အဖွဲ့ဝင် တရားခံ ခုနစ်ဦး၊ လက်နက်မျိုးစုံ ၁၈ လက်၊ ကျည်အိမ်မျိုးစုံ ၃၀၊ ကျည်မျိုးစုံ ၁၆၀၇ တောင့်၊ ၄၀ မမ ဖုံးသီး ၂၄ လုံး၊ လက်လုပ် လက်ပစ်ဗုံး ခြောက်လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၅ သို့** ☆

ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား



ရီထွေး



ထက်ရဲလင်း(ခ)အေးမောင်



စိုးထက်အောင်(ခ)သာလိကာ



ကျော်မင်းထက်(ခ)စာကလေး



မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး



အောင်မျိုးလွင်(ခ)DK(ခ)ဇော်ကြီးသား



သန့်ဇင်ဦး(ခ)ဗိုက်ကလေး

၂၀၂၂ ခုနှစ် မတ် ၁၀ ရက်တွင် ခရမ်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် မြို့လှကုန်းလမ်းဆုံအနီး ရွာမလမ်း၌ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ၏ မှတ်တမ်းဓာတ်ပုံ။



ဦးမြင့်စိုး (၅၇)နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ခရမ်းမြို့နယ် ဂွေးပင်ချောင်းကျေးရွာ၌ အကြမ်းဖက်သူများက သတ်ဖြတ်ခဲ့သည့် အပြစ်မဲ့ပြည်သူတစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



ဦးဝင်းနိုင်(၅၁)နှစ် (သေဆုံး)

၂၀၂၃ ခုနှစ် မတ် ၃၀ ရက်တွင် ခရမ်းမြို့နယ် (၁)ရပ်ကွက် ကံဘဲ့အပိုင်း၌ အကြမ်းဖက်သူများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ၏ မှတ်တမ်းဓာတ်ပုံ။



ဦးမျိုးဇော်ဦး(၅၀)နှစ် (သေဆုံး)

၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ခရမ်းမြို့နယ် ကရင်ကန် စစ်ဆေးရေး ဂိတ်၌ ပေါက်ကွဲမှု ကြောင့် ဒဏ်ရာရခဲ့သည့် ရဲတပ်ဖွဲ့ ဝင်များ၏ မှတ်တမ်းဓာတ်ပုံ။



ရဲတပ်သား သူရဇော်(မစိုးရိမ်ရ)



ရဲတပ်သား ဝေဖြိုးအောင်(မစိုးရိမ်ရ)



ရဲဒုတပ်ကြပ် နိုင်ဝင်းကို(မစိုးရိမ်ရ)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ခရမ်း မြို့နယ် ကျုံတူး ကျေးရွာအနီး လုံခြုံရေးယာဉ်အား မိုင်းထောင်ဖောက်ခွဲ ခဲ့သဖြင့် ကျဆုံး/ ဒဏ်ရာရသူများ၏ မှတ်တမ်းဓာတ်ပုံ။



ရဲတပ်သား ဝေယံကျော်(ကျဆုံး)



ရဲတပ်သား တင်ကိုကို(မစိုးရိမ်ရ)

၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ခရမ်းမြို့နယ် သစ်တောစုပေါင်းဂိတ် မြို့နယ်အားကစားရုံနှင့် မစဖရုံးများသို့ အကြမ်းဖက်သူများက ၄၀ မမဖုံးသီးဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။









☆ စာမျက်နှာ ၁၄ မှ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ထက်ရဲလင်း(ခ)အေးမောင်**သည် ၂၀၂၁ ခုနှစ် မတ်လ (နောက်ဆုံးပတ်)တွင် ဖမ်းဆီးရန်ကျန်တရားခံ **ထွန်းထွန်းဝင်း (ခ) မီးပွား**၏ ချိတ်ဆက်ပေးမှုဖြင့် KNLA တပ်မဟာ(၆)နယ်မြေ ဖလူးလေးစခန်း၌ အကြမ်းဖက်သင်တန်းအား ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စနေ၊ အောင်သူလွင်၊ ချမ်းမြေ့အောင်၊ စည်သူ၊ ကိုပိုင်၊ ဗျတ်ဝိ**အပါ သင်တန်းသား ၁၃ ဦးဖြင့် ၁၄ ရက်၊ မေ ၁၂ ရက်တွင် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **ကျော်ဇင်ဝင်း၊ စနေ၊ ဇော်ကြီး၊ အောင်ကျော်သူ၊ မင်းမင်း၊ ကတုံး**တို့ ခြောက်ဦးနှင့်အတူ KNLA တပ်မဟာ(၅) နယ်မြေ နတ်ကြီးကျေးရွာအနီးရှိ စခန်းသို့သွားရောက်၍ အကြမ်းဖက်သင်တန်းအား သင်တန်းသား ၁၀၀ ဖြင့် ၁၅ ရက် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အလားတူ ဖမ်းဆီးရမိတရားခံ **ကျော်မင်းထက် (ခ) စာကလေး**သည် ၂၀၂၂ ခုနှစ် မေလခန့်တွင် KNLA တပ်မဟာ(၁)၊ ရင်း(၃)သို့ သွားရောက်၍ အကြမ်းဖက်သင်တန်း ၂၁ ရက်၊ **အောင်မျိုးလွင် (ခ)DK(ခ) ဇော်ကြီးသား**သည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလခန့်တွင် အကြမ်းဖက်သင်တန်း တစ်လ၊ **မိုးပြည့်စုံကျော်(ခ) ဒေဝ(ခ)မှတ်ကြီး**သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလခန့်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက်၊ **စိုးထက်အောင် (ခ)သာလိကာ**သည် ဧပြီ ၂၇ ရက်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက်၊ **သန့်ဇင်ဦး(ခ) ဗိုက်ကလေး**သည် ဇွန်လခန့်တွင် အကြမ်းဖက်သင်တန်း ၁၅ ရက် KNLA တပ်မဟာ(၁)နယ်မြေ ပိန္နဲကုန်းကျေးရွာအနီးရှိ ခရမ်း PDF အမည်ခံ အကြမ်းဖက်စခန်း၌ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မေ ၁၅ ရက်တွင် ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား ဖမ်းဆီးရန်ကျန် တရားခံ **ထွန်းထွန်းဝင်း(ခ) မီးပွား**မှ ခေါင်းဆောင်၍ ခရမ်းမြို့နယ်အတွင်း၌ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများဆောင်ရွက်ရန် ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး **ထက်ရဲလင်း(ခ)အေးမောင်**သည် ၂၀၂၁ ခုနှစ် ဩဂုတ်လခန့်တွင်လည်းကောင်း၊ **အောင်မျိုးလွင်(ခ)DK(ခ)ဇော်ကြီးသား**သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလခန့်တွင်လည်းကောင်း၊ **မိုးပြည့်စုံကျော် (ခ)ဒေဝ(ခ)မှတ်ကြီး**သည် ဖေဖော်ဝါရီလခန့်တွင် လည်းကောင်း၊ **စိုးထက်အောင်(ခ)သာလိကာ** သည် ဧပြီလခန့်တွင်လည်းကောင်း၊ **ကျော်မင်းထက် (ခ) စာကလေး**နှင့် **သန့်ဇင်ဦး(ခ)ဗိုက်ကလေး**တို့ နှစ်ဦးသည် ၂၀၂၂ ခုနှစ် ဇွန်လခန့်တွင်လည်းကောင်း ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ထွန်းထွန်းဝင်း(ခ)မီးပွား**၏ ခိုင်းစေမှုဖြင့် ခရမ်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်းတို့၌ အကြမ်းဖက်သတ်ဖြတ်မှု သုံးကြိမ်နှင့် ပစ်ခတ်တိုက်ခိုက်မှု ၁၅ ကြိမ် ဆောင်ရွက်ခဲ့ကြောင်း-

၂၀၂၂ ခုနှစ် မတ် ၁၀ ရက်တွင် **အောင်မျိုးလွင်(ခ) DK(ခ)ဇော်ကြီးသား**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **တဇွတ်ထိုး**သည် ဒေးပေါက်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးမြင့်စိုးအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

စာမျက်နှာ ၁၆ သို့ ☆

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် သုံးခွမြို့နယ် ကတုံးပေါ်နယ်မြေရဲစခန်းအား အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် ဧပြီ ၁၄ ရက်တွင် ခရမ်းမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းရှိ မြို့နယ် လဝကရုံးအား အကြမ်းဖက်သူများက လာရောက်ပစ်ခတ်မှုကြောင့် ကျဆုံး/ဒဏ်ရာရရှိခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံ။



ရဲတပ်သား နေပိုင်(ကျဆုံး)



ရဲတပ်သား ဝဏ္ဏ(စိုးရိမ်ရ)ဒဏ်ရာ

၂၀၂၃ ခုနှစ် ဧပြီ ၁၉ ရက်တွင် သန်လျင်မြို့နယ် ပေါက်တောကျေးရွာ၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် ဧပြီ ၂၃ ရက်တွင် ခရမ်းမြို့နယ် မကျည်းကုန်းကျေးရွာနှင့် သုံးခွမြို့နယ် ဆည်ကြီးကုန်းကျေးရွာကြားရှိ လယ်ကွင်းနှင့် ခရမ်းမြို့နယ် ညောင်ပင်ကျေးရွာနှင့် အလယ်ကျေးရွာကြားရှိ လယ်ကွင်းတို့၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း မှတ်တမ်းဓာတ်ပုံများ။





ဘီအေ-၆၃ မောင်းပြန်ရိုင်ဖယ်သေနတ်



အမေရိကန်နိုင်ငံထုတ် ပွိုင့် ၃၀ ကာဘိုင်သေနတ်



တူကီယဲနိုင်ငံထုတ် COLTS အမျိုးအစား ပွိုင့် ၃၈၀ ပစ္စတိုသေနတ်



အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ၉ မမ ပစ္စတိုသေနတ်



KIA ထုတ် အမ်-၂၂ သေနတ်



အမေရိကန်နိုင်ငံထုတ် အမ်-၄ ကာဘိုင်သေနတ်



KIA ထုတ် KA-026 ၄၀ မမဖုံးပစ်လောင်ချာ



ပွိုင့် ၂၂ ကျည်ထည့်ပစ်ရသော လက်လုပ်သေနတ်



KIA ထုတ် ၄၀ မမဖုံးသီး

☆ စာမျက်နှာ ၁၅ မှ

၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ခရမ်းမြို့နယ် ကန်သာကျေးရွာအနောက်ဘက်ရှိ ကောက်ရိုးပုံအတွင်း၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ





အမေရိကန်နိုင်ငံထုတ် M-16 နှစ်လက်၊ ကျည်အိမ် သုံးခု



အမေရိကန်နိုင်ငံထုတ် M4A1 တစ်လက်၊ ကျည်အိမ် နှစ်ခု



တူကီယဲနိုင်ငံထုတ် ၁၂ ဗို့သေနတ် တစ်လက်၊ ကျည်အိမ် နှစ်ခု

နိုဝင်ဘာ ၁၂ ရက်တွင် **မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး**နှင့် ဖမ်းဆီးရန်ကျန် တရားခံ **အေးမင်းလတ်(ခ)မိုးကြိုး**တို့ နှစ်ဦးသည် ခရမ်းမြို့နယ် ဝေ့ပင်ချောင်းကျေးရွာနေ အပြစ်မဲ့ပြည်သူ ဦးဝင်းနိုင်အား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

၂၀၂၃ ခုနှစ် မတ် ၃၀ ရက်တွင် **စိုးထက်အောင်(ခ)သာလိကာ၊ ကျော်မင်းထက်(ခ)စာကလေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **လူလှ၊ ရွှေသွေး၊ စနေ၊ သက်ပိုင်စိုး(ခ)သက်ကြီး**တို့ ခြောက်ဦးသည် ခရမ်းမြို့ (၁)ရပ်ကွက် ကံဘဲ့အပိုင်း၌ နေထိုင်သူ အပြစ်မဲ့ပြည်သူ ဦးမျိုးဇော်ဦးအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် **ထက်ရဲလင်း(ခ)အေးမောင်၊** ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အေးမင်းလတ်(ခ)မိုးကြိုး**နှင့် **ကျွဲကြီး**တို့ သုံးဦးသည် ခရမ်းမြို့နယ် ကရင်ကန်စစ်ဆေးရေးဂိတ်နှင့် မြို့နယ်အားကစားခန်းမတို့အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဒီဇင်ဘာလခန့်တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စနေ၊ သက်ပိုင်စိုး(ခ)သက်ကြီး၊ ကျွဲကြီး၊ တိုးတက်အောင်(ခ)တာရာ၊ ဂျက်ဆင်(ခ)ထွန်းလင်းသော်**တို့ ခြောက်ဦးသည် ခရမ်းမြို့နယ် ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား ၄၀ မမ လက်လုပ်ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ(ဒုတိယပတ်)တွင် ဖမ်းဆီးရန်ကျန်တရားခံ **စနေ** မှ ခေါင်းဆောင်၍ **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကိုဟိန်း၊ ဂျက်ဆင်(ခ)ထွန်းလင်းသော်၊ နဂါးလေး၊ ကျွဲကြီး၊ မိုးဇက်၊ စစ်ပိုင်၊ ဂဏန်း၊ သားကြီး၊ တိုးတက်အောင်(ခ)တာရာ၊ သက်ပိုင်စိုး(ခ)သက်ကြီး**တို့ ၁၂ ဦးသည် ဘုရားပျိုကျေးရွာရှိ ရဲကင်းစခန်းအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖေဖော်ဝါရီ ၂၈ ရက်တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဂျက်ဆင်(ခ)ထွန်းလင်းသော်၊ အောင်ဇေ၊ သက်ပိုင်စိုး(ခ)သက်ကြီး**တို့ လေးဦးသည် ခရမ်းမြို့နယ်၊ ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဗုံးပစ်လောင်ချာဖြင့် ဒုတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် ယင်းနေ့၌ပင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ရဲနိုင်၊ နဂါးလေး၊ ဂဏန်း၊ မိုးဇက်၊ အေးမင်းလတ်(ခ)မိုးကြိုး**နှင့် **တိုးတက်အောင်(ခ)တာရာ**တို့ ခြောက်ဦးမှ နယ်မြေရှင်းလင်းရန် ထွက်ခွာလာသည့် လုံခြုံရေးယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း။

မတ်လ(ဒုတိယပတ်)တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ထက်ဝေယံ၊ ဂျက်ဆင်(ခ)ထွန်းလင်းသော်**တို့ သုံးဦးသည် ဘုရားပျိုကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဗုံးပစ်လောင်ချာဖြင့် ဒုတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

မတ်လ(နောက်ဆုံးပတ်)တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ထက်ဝေယံ၊ ဂျက်ဆင်(ခ)ထွန်းလင်းသော်၊ အောင်ဇေ**တို့ လေးဦးသည် သုံးခွမြို့မရဲစခန်းအား M-79 ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဧပြီလ(ပထမပတ်)တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ဂျက်ဆင်(ခ)ထွန်းလင်းသော်၊ အောင်ဇေ၊ ကိုတူး**တို့ လေးဦးသည် ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းအား M-79 ဗုံးပစ်လောင်ချာဖြင့် တတိယအကြိမ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဧပြီလ(ဒုတိယပတ်)တွင် **ထက်ရဲလင်း(ခ)အေးမောင်၊ မိုးပြည့်စုံကျော် (ခ)ဒေဝ(ခ)မှတ်ကြီး၊ သန့်ဇင်ဦး(ခ)ဗိုက်ကလေး**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **စနေ၊ ကိုထူး၊ ကိုဟိန်း၊ သော်တာကြီး၊ တွတ်ပီ၊ ကိုမင်း၊ နဂါး** အပါ အကြမ်းဖက်အဖွဲ့ဝင် ၂၀ ဦးဖြင့် ခရမ်းမြို့နယ် ဖွဲ့တွန် စစ်ဆေးရေးဂိတ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

အောက်တိုဘာ ၇ ရက်တွင် **မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **မုန်တိုင်း၊ သံခဲ၊ တဇွတ်ထိုး**တို့ လေးဦးသည် ခရမ်းမြို့နယ်သစ်တောရုံးရှေ့ရှိလုံခြုံရေးကင်းတဲအား ၄၀ မမ လက်လုပ်ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

နိုဝင်ဘာလခန့်တွင် **ထက်ရဲလင်း(ခ)အေးမောင်၊ မိုးပြည့်စုံကျော်(ခ) ဒေဝ(ခ)မှတ်ကြီး၊ သန့်ဇင်ဦး(ခ)ဗိုက်ကလေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **အောင်ဇေ၊ သားကြီး**တို့ ငါးဦးသည် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့မရဲစခန်းနှင့် သစ်တောရုံးတို့အား M-79 ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

နိုဝင်ဘာလ(နောက်ဆုံးပတ်)တွင် **မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး၊ ကျော်မင်းထက်(ခ)စာကလေး**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **မုန်တိုင်း**တို့ သုံးဦးသည် သုံးခွမြို့နယ် ကတုံးပေါ်ကျေးရွာနယ်မြေရဲစခန်းအား ၄၀ မမ လက်လုပ်ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် **ထက်ရဲလင်း(ခ)အေးမောင်၊ မိုးပြည့်စုံကျော်(ခ)ဒေဝ(ခ)မှတ်ကြီး၊**

လက်လုပ်
79 သေနတ်
တစ်လက်



**သန့်ဇင်ဦး(ခ)ဗိုက်ကလေး**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **စနေ၊ သက်ပိုင်စိုး(ခ)သက်ကြီး၊ အေးမင်းလတ်(ခ)မိုးကြိုး၊ မုန်တိုင်း** အပါ အကြမ်းဖက်အဖွဲ့ဝင် ၂၀ ဖြင့် သုံးခွမြို့နယ် ကတုံးပေါ်ကျေးရွာရှိ နယ်မြေရဲစခန်းအား လက်နက်ငယ်များဖြင့် ဒုတိယအကြိမ် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

ဧပြီလ(ပထမပတ်)တွင် **ထက်ရဲလင်း(ခ)အေးမောင်**နှင့် ဖမ်းဆီးရန်ကျန်တရားခံ **တွတ်ပီ**တို့ နှစ်ဦးသည် ခရမ်းမြို့နယ် ကရင်ကန်ကျေးရွာရှိ စစ်ဆေးရေးဂိတ်နှင့် ပိန်းကန်ကျေးရွာရှိ ရဲကင်းစခန်းတို့အား M-79 ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

မေ ၁၄ ရက်တွင် **ထက်ရဲလင်း(ခ)အေးမောင်၊ ကျော်မင်းထက်(ခ) စာကလေး၊ မိုးပြည့်စုံကျော်(ခ) ဒေဝ(ခ)မှတ်ကြီး၊ သန့်ဇင်ဦး(ခ)ဗိုက်ကလေး၊ စိုးထက်အောင်(ခ)သာလိကာ**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် **မုန်တိုင်း၊ စူပါမန်း၊ အေးမင်းလတ်(ခ)မိုးကြိုး**တို့ ရှစ်ဦးသည် ခရမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနရှေ့ရှိ ရဲကင်းအား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ထက်ရဲလင်း(ခ)အေးမောင်၊ အောင်မျိုးလွင်(ခ)DK(ခ)ဇော်ကြီးသား၊ သန့်ဇင်ဦး(ခ)ဗိုက်ကလေး၊ မိုးပြည့်စုံကျော်(ခ) ဒေဝ(ခ)မှတ်ကြီး**တို့ လေးဦးအား ဖမ်းဆီးရန်ကျန်တရားခံ ခရမ်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ထွန်းထွန်းဝင်း(ခ)မီးပွား** မှ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် လစဉ်တစ်လလျှင် တစ်သိန်းနှုန်းထောက်ပံ့ပေးခဲ့ပြီး လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုများ ဆောင်ရွက်ပြီးစီးသည့်အခါများတွင် ငွေကျပ် နှစ်သိန်းမှ သုံးသိန်းအထိ ထောက်ပံ့ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန် နှင့် ပံ့ပိုးအားပေးရမည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက်နေ ချိုဝင့်မာဇော်သည် ၎င်းအသုံးပြုသည့် “Cho Wint Mar Zaw” Facebook အကောင့်နှင့် သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ စန်းတည်တည်ခင် (ခ) မတည်သည် ၎င်းအသုံးပြုသည့် “Ma Ti” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအားဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မော်လမြိုင်မြို့၌ Mobile Library Bus ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

**မော်လမြိုင် မေ ၂၅**

မော်လမြိုင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စာပေနှင့်စဉ်ဆက်မပြတ်စေရေး၊ အချိန်မကုန် လူမပင်ပန်းစေဘဲ စာအုပ်စာစောင်များ အဆင်ပြေပြေ ငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရေးတို့အတွက် Mobile Library Bus ဖြင့် ယနေ့နံနက်ပိုင်းက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သမဝါယမစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းနှင့် စက်မှုကြီးကြပ်ရေးဦးစီးဌာနသို့ သုတ၊ ရသ စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးကြသည်။

ထိုသို့ စာအုပ်များငှားရမ်းပေးရာတွင် ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ရှိ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၅၀ ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ ဆားမလောက်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတာဝန်ခံအရာရှိက လက်ခံရယူသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ သက်ကြီးသတင်းစာဆရာကြီးများကို ပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (အင်းစိန်မြို့နယ်) ဆဋ္ဌမအကြိမ်မြောက် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းယု၊ ခရိုင်ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်သတင်းစာဆရာအသင်းမှ ကန်တော့ခံ သက်ကြီးသတင်းစာဆရာကြီးများဖြစ်ကြသည့် ဒေါက်တာသန်းဦး (ပြည့်စိုးမင်း)၊ ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ ဦးသက်တင် (မောင်သာတင့်)၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ဦးကြင်မောင် (မောင်ပန်းဝေ-ညောင်တုန်း) နှင့်ဦးတင်ဝင်း (ရွှေမိုးဦး) တို့အား တက်ရောက်လာကြသည့် သတင်းစာဆရာ ဆရာမများက ကန်တော့ချီးဖြင့် ကန်တော့ကာ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် အလှူရှင် သတင်းစာဆရာ ဆရာမများကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

## မအူပင်မြို့နယ်၌ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲ ကျင်းပ



မအူပင် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေးအတွက် စစ်ကြောင်းကြီး (၅) ကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မှန်ပင်ကျေးရွာအုပ်စု၊ ပဲခိုးစုကျေးရွာအုပ်စု၊ သဲဖြူကျေးရွာအုပ်စုတို့ရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မှန်ပင်ကျေးရွာအုပ်စုရှိသုစိတ္တာရုံကျောင်းဓမ္မာရုံ၌ ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ရှင်းလင်း ဆွေးနွေးပြောကြားပြီး ပြည်သူများက သိရှိလိုသည်များအား မေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ မအူပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးသက်ဇော်ထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၅ | ၂၁၇၅ | ၂၁၇၅ | ၂၄၀၅ | ၂၈၀၀ |
| 95 Ron | ၂၁၈၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၃၅ | ၂၂၁၅ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၅၀၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၉၀ | ၂၁၈၀ | ၂၀၇၅ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၅ | ၂၃၅၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၀ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၁၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၅၀ | ၂၂၇၀ | ၂၂၆၀ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၈၀ | ၂၀၅၃ |
| 95 Ron | ၂၀၇၀ | ၂၁၄၅ |
| HSD (500 ppm) | ၁၉၃၃ | ၂၀၀၁ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၆ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## "ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ"

ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ(၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်း ပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များ အနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေ/ လှူဖွယ်ပစ္စည်းများကို ပြည်သူ့ရင်ပြင်၌ ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍လည်း ကြိုတင်စာရင်းပေးပို့ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်အပ်ပါသည်–

| | | | | |
|---|---|---|---|---|
| (၁) | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၅၃၂၁၉၂၁ |
| (၂) | ဦးညီညီမင်း | အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၄၂၈၄၆၀၀၈၂ |
| (၃) | ဦးရဲထူး | ညွှန်ကြားရေးမှူး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၀၉-၆၆၂၁၈၅၃၉၉ |

**အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဗေဒါလမ်း၊ မြေကွက်အမှတ်(၁၀၂) ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော(ခြေရင်းခြမ်း) အကျယ်အဝန်း(အလျား၂၀ပေxအနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးကျော်ဌေးအမည်ဖြင့်တည်ရှိသော နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ထက်ထက်အောင်[၁၂/ဥကတ(နိုင်)၁၅၃၉၁၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဒေါ် ဆွေဇင်မိုး[၁၂/ဥကမ(နိုင်)၂၀၄၆၉၁]သည် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို(၂၅-၄-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်မျိုးချစ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၇၄)**
**ဒေါ်သက်ဝေအောင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်–၅၀၀၁၆)**
**တိုက်(B–8)၊ အခန်း(၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–778849700, 09–773562082**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် (၁) ဟုခေါ်တွင်သော မြေပေါ်၌ ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃½)ထပ်တိုက်၏ ပထမထပ်၊ (ခြေရင်းခန်း)၊ အကျယ် (၁၂½'x ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာ ဦးညီညီနိုင် [၁၂/မရက(နိုင်)၀၀၃၁၆၃] (Min Myat Construction Co., Ltd) ထံမှ (၄-၁-၂၀၁၄)ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" အရ ဒေါ်မြစိန် (B/RGN-၀၀၅၉၁၀)က ဝယ်ယူခဲ့ပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၉၂)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန တင်ဒါကော်မတီ

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးအတွက် ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြေထိန်းနံရံကာရံခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်–

(က) တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် – ၂၆-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ခ) တင်ဒါလျှောက်လွှာနောက်ဆုံး ရောင်းချမည့်ရက် – ၁၂-၅-၂၀၂၃ရက်(သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် – ၂၅-၅-၂၀၂၃ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

(ဃ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ – အခွန်အယူခံခုံအဖွဲ့ရုံး၊ရုံးအမှတ် (၅၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်–၀၉-၂၅၀၈၀၀ ၄၇၁၀ နှင့် ၀၉-၂၅၄၅၆၉၂၁၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း(City Loft)၊ တိုက်အမှတ်(CL–7)၊ အခန်းအမှတ်(205)၊ Hall Type(Studio Room) (312)sqft စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သက်ထားရွှေစင်ဝင်း[၁/မကန(နိုင်)၁၈၆၀၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်သက်အောင်[၉/မရတ(နိုင်)၁၀၃၉၆၂]၊ ဒေါ်ခိုင်နီနီထွန်း[၉/မဟမ(နိုင်)၀၀၁၉၈၇]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်သက်အောင်နှင့် ဒေါ်ခိုင်နီနီထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:–09–450023651, 09–793568375**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၈၂)၊ မြေအကျယ်အဝန်း (အလျားxအနံ)(၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ(ရောင်းချသူလက်ဝယ်တွင် ဦးဒါတ်စ်အမည်ပေါက်မြေချပါမစ်မူရင်း၊ မြို့မြေစာရင်းတွင် ဒေါ်ဂျိုးဇက်ဘိုင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေအဖြစ်တည်ရှိသော) မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏(ခေါင်းရင်းဘက်အခြမ်း)ဖြစ်သော မြေအကျယ်အဝန်း (အလျားxအနံ)(၂၀ပေx၆၀ပေ)ရှိ ယခုအခေါ်အမှတ်(၈၂/က)၊ ဇေယျာဒီပလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဒါတ်စ် အမည်ပေါက်မြေချပါမစ်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဦးပြည့်ဖြိုးအောင်[၁၂/ဗဟန(နိုင်) ၀၉၆၀၆၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက(၂၄-၄-၂၀၂၃)ရက်စွဲပါ "မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်" ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးသန္တာမြင့်** — **LL.B,W.I.P.O(Switzerland)** — **အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၇)**
**ဒေါ်ခင်နီလာဦး** — **LL.B,D.B.L,B.D.S(MOFA)(Dip in English),W.I.P.O(Switzerland)** — **အထက်တန်းရှေ့နေ(စဉ်–၃၉၁၁၃)**
**အမှတ်–၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့်ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၄၄၂၇၅၃၆၁၅**

### အမည်ပြောင်း

အထက(၂)မှော်ဘီ Grade 7(A)တွင် ပညာသင်ကြားခဲ့သော ဒေါ်မြသန္တာစိုး၏ သမီး မစိန်မြရွှေသာအား မပန်းမြတ်မဠုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မပန်းမြတ်မဠု**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ် (၁၃၇)နေ အဖ ဦးသန်းမြင့်၏ သားမောင်ဝေရန်ကျော်၏ အမည်မှန်မှာ မောင်ဝေယံကျော် [၁/မကန(နိုင်) ၂၁၅၂၆၈]ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၀-၂-၂၀၀၀ ဖြစ်ပါသည်။

### စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၂၂-၂၀၂၃ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ရန်ကုန်တိုင်းဒေသကြီးနေ စစ်တွေမြို့နယ်သူ/သားများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် –

ကျင်းပမည့်နေ့ရက် – ၁၄-၅-၂၀၂၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက်(၉:၀၀)နာရီ
ကျင်းပမည့်နေရာ – ရခိုင်ပြည်နယ်ဓမ္မာရုံ(ရွှေတိဂုံစေတီတော်အလယ်ပစ္စယံ)

၂၀၁၈-၂၀၁၉/၂၀၁၉-၂၀၂၀/၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၃)ဘာသာနှင့် အထက်ဂုဏ်ထူးဖြင့် အောင်မြင့်ခဲ့ပြီး (၃၀-၄-၂၀၂၃)ရက်တွင် အသင်းဝင်သက်တမ်း (၁)နှစ်ပြည့်ပြီးသည့် အသင်းဝင်များ၏ သားသမီးများအမည်နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အမှတ်စာရင်းမိတ္တူများကို (၅-၅-၂၀၂၃)ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံသို့ စာရင်းပေးသွင်းကြပါရန်–

၁။ ဦးရွှေသိန်းကျော် ၀၉-၅၀၀၂၇၉၅
၂။ ဦးကျော်သန်းဦး ၀၉-၄၂၅၂၇၅၃၁၆
၃။ ဦးစောမောင်သိန်း ၀၉-၂၅၀၀၃၂၆၈၄
၄။ ဒေါ်ဦးသိန်းညွန့် ၀၉-၂၅၄၈၀၈၉၁၇
၅။ ဒေါ်သန်းအေး ၀၉-၄၃၀၆၄၃၉၇

**အလုပ်အမှုဆောင်အဖွဲ့**
**စစ်တွေမြို့နယ်အသင်း(ရန်ကုန်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့နယ်၊ပြည်လမ်း(အရှေ့ရပ်ကွက်)၊မြို့မကျောင်းလမ်း၊မြို့မကွန်ဒို၊ တိုက်အမှတ်(၂၉၅)၊(၅လွှာ)၊အခန်းအမှတ်(5A)၊အကျယ်အဝန်း(၃၈ပေX၃၄ပေ)ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ကြောင်းဝန်ခံကတိပြုသူဒေါ်နွယ်နွယ်(၁၂/လမတ(နိုင်)၀၂၃၀၅၅)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၀)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | | |
|---|---|---|
| ဦးအောင်ကျော်ထွန်းLL.B.,LL.M. | ဦးကောင်းထက်အောင် LL.B. | ဦးကျော်ကိုကိုလွင် LL.B. |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၀၁) | အထက်တန်းရှေ့နေ(စဉ်–၅၂၃၆၈) |
| ဒေါ်ချိုလွင်လွင်အောင်LL.B. | ဒေါ်ထက်မြတ်မိုး LL.B. | ဒေါ်မြတ်မြတ်သွယ် LL.B. |
| အထက်တန်းရှေ့နေ (စဉ်–၅၃၇၃၁) | အထက်တန်းရှေ့နေ(စဉ်–၅၂၆၆၁) | အထက်တန်းရှေ့နေ(စဉ်–၅၃၅၀၃) |

တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊ ၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း၀၉၄၀၈၁၈၅၅၉၉။

### အမွေစားအမွေခံသားသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်တင်တင်ချစ် (၁၂/စခန (နိုင်) ၀၆၀၀၄၈) (ဘ) ဦးမောင်ချစ်၊ အစ္စလာမ်ဘာသာကိုးကွယ်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ သားသမီး (၃) ဦးတို့အား အမွေစားအမွေခံသားသမီးများအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းအများသိစေရန်ကြေညာမှုပြုအပ်ပါသည်-

- ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်တင်တင်ချစ်တွင် သားသမီး (၇)ဦးမွေးဖွားခဲ့ပါကြောင်း၊ အဆိုပါသားသမီး (၇) ဦးအနက်မှ (၁) ကိုသန်းဝင်းဇော် (ခ) နူရူး (၁၂/မရက (နိုင်)၁၂၄၁၂၇)၊ (၂) ကိုခင်မောင်သိန်း (ခ) ဂျိမ်းနူးရ် (၁၂/မရက (နိုင်) ၁၉၃၀၁၇) (၃) မချိုချိုမာ (ခ) ဘာနူးရ် (၁၂/မရက (နိုင်) ၁၉၃၀၁၈) တို့ (၃) ဦးသည် မိခင်ကြီးဖြစ်သူ ဒေါ်တင်တင်ချစ် အား စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းကိစ္စရပ်များကိုအကြိမ်ကြိမ်ပြုမူဆောင်ရွက်ခဲ့ကြသည့်အပြင် ၎င်းသားသမီး (၃) ဦး၏ပြုမူဆောင်ရွက်မှုများသည် မိခင်ကြီးဖြစ်သူ ဒေါ်တင်တင်ချစ် အနေဖြင့်သီးခံခွင့်လွှတ်၍မရနိုင်အောင်ပြုမူဆောင်ရွက်မှုများဖြစ်သည့်အတွက် ဤကြေညာချက်ပြုသည့်နေ့/ရက်မှစတင်၍ အထက်အမည်ဖော်ပြပါသားသမီး (၃) ဦးတို့အား အမွေစားအမွေခံသားသမီးများအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းတို့ (၃) ဦးနှင့် ပတ်သက်၍ ဤကြေညာချက်ပါရှိသည့်နေ့/ရက်မှစတင်၍ မည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| **ဦးချစ်ကိုကို** | **ဦးအောင်မြင့်ထွန်း** | **ဦးရာဇာဝင်း** |
| (စဉ်- ၂၈၀၃/၈၄) | (စဉ်- ၇၄၇၁/၂၀၀၇) | (စဉ်- ၁၄၃၁၇/၂၀၁၈) |
| တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၂၅၂၉၂၄၊ ၀၉-၅၁၀၁၂၈၂

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကြေညာလွှာ/ လစာနှစ်ချုပ်စာရင်း/ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့် ကာလ) သတ်မှတ်ချက်မှာ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စည်းကြပ်မှုခံယူနေသော ရုံးတွင် တင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော ကုမ္ပဏီအသစ်ဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးသို့ အခွန်ထမ်းမှတ်ပုံတင်ရန်နှင့် အခွန်စည်းကြပ်မှုခံယူရမည့်ရုံး သတ်မှတ်ပေးရန် ဦးစွာလျှောက်ထားရန်ဖြစ်ပြီး အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးက သတ်မှတ်ပေးသည့်အခွန်ရုံးတွင် ကြေညာလွှာတင်သွင်းရန်ဖြစ်ပါသည်။ အခွန်ထမ်းမဖြစ်သေးသော တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တင်သွင်းရန် ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-Filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာ တင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးများနှင့် ရန်ကုန်မြို့ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများအနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်းကြရန် ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည် ဖြစ်ပါသည်။

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ် တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ (သောကြာနေ့) ဖြစ်ပါသည်။

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာ တင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ် ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၁၂၈/၁၃၂၊ ဒုတိယထပ်နှင့် တတိယထပ်၊
ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်။
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေး။
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

# သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 2(T)/DPTSC(MP)/23-24 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် လိုအပ်သော မြေတူးစက်(Excavator) ဝယ်ယူခြင်း |
| ခ | 3(T)/DPTSC(PTP)/23-24 | ၂၃၀ ကေဗွီ ဘုရားကြီး-(ကမာနတ်-မြောင်းတကာ) ဓာတ်အားလိုင်း (၂၃) မိုင်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူခြင်း |
| ဂ | 4(T)/DPTSC(PTP)/23-24 | ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ အနောက်ပိုင်းတက္ကသိုလ် ဓာတ်အားခွဲရုံအတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူခြင်း |
| ဃ | 5(T)/DPTSC(PTP)/23-24 | ရွှေမြို့ဓာတ်အားခွဲရုံတွင် ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ Transformer တိုးချဲ့ခြင်းနှင့် ၆၆/၃၃ ကေဗွီ၊ ၃၀ အမ်ဗွီအေ ရမည်းသင်း ဓာတ်အားခွဲရုံ အတွက်လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း |
| င | 6(T)/DPTSC(PTP)/23-24 | ၁၃၂ ကေဗွီ နမ့်စန် - တောင်ကြီး ဓာတ်အားလိုင်း (၅၄) မိုင်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း |
| စ | 7(T)/DPTSC(PTP)/23-24 | ၂၃၀ ကေဗွီ နမ့်စန်ဓာတ်အားခွဲရုံတွင် ၁၃၂ ကေဗွီ Switch Bay (1)No တိုးချဲ့ခြင်းနှင့် ၁၃၂ ကေဗွီ တောင်ကြီး ဓာတ်အားခွဲရုံတွင် Switch Bay (2)Nos တိုးချဲ့ခြင်းအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း |
| ဆ | 8(T)/DPTSC(PTP)/23-24 | ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဇလွန် ဓာတ်အားခွဲရုံအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူခြင်း |
| ဇ | 9(T)/DPTSC(PTP)/23-24 | ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၉-၅-၂၀၂၃) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံး ထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

# ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပိတောက်မြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၃၃၄)၊ ပေ(၄၀x၆၀)၊ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်လှဒေါင်း(PPN-၀၆၉၅၁၂)[၁၂/ဥကတ(နိုင်)၁၀၃၃၆၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကုမုဒြာ(LL.B, D.B.L, D.I.L, IDCS)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ တိုက်အမှတ်(A-1)၊ အခန်းအမှတ်(၄၀၁)၊ ခန့်မှန်းအကျယ်အဝန်း (၉၇၂)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေမီးအစုံအလင်ပါဝင်သော ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသော အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်အေး[၁၂/မဘန(နိုင်)၀၂၁၇၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁၁)**
**အမှတ်(၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြရတနာ(၆)လမ်း၊ မြေကွက်အမှတ်(၁၇၆)ဟုခေါ်တွင်သော (အလျား ၁၃'x အနံ ၆၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ခင်သီတာချို [၁၂/ဥကမ(နိုင်)၀၈၁၅၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ရွှေ [၉/တသန(နိုင်)၀၇၃၃၃၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်ဝင်း(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၄၅၄၉၀)**
**အမှတ်(၃)၊ နွယ်နီ(၁၃)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၀၀၅၄၁၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၁) ရပ်ကွက်၊ လယ်သမား (၃) လမ်း၊ အမှတ်-၃၀၈ ၊ ( အလျား ၂၀ ပေ × အနံ ၆၀ ပေ) ရှိ မြေနှင့်အဆောက်အဦးအား အပြီးအပိုင် ဝယ်ယူမည်ဖြစ်သောကြောင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ခိုင်ယုမွန် (၁၁/စတန (နိုင်) ၀၆၂၁၆၇) ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်-

အထက်ပါ မြေနှင့်အဆောက်အဦးအား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်သည့်အတွက်ကြောင့် အရောင်းအဝယ်ပြုလုပ်မည့် မြေအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်မည်ဆိုပါက ယင်းမြေအဆောက်အဦးနှင့် ပတ်သက်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးထွန်းသန့်ဇင်အောင်** LL.B, WIPO, DLP (Switzerland) | **ဦးသန်းလွင်ဦး** | **ဒေါ်နှင်းဝတ်ရည်ထွန်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၉)၊** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉ ၅၁၅၀၄၀၃** | **(စဉ်-၁၇၇၁၁)** | **(စဉ်-၅၁၀၉၇)** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဧ/၃၂ ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၁၃၁) ဟုခေါ်တွင်သော (၄၀x၆၀)ပေ အကျယ်ရှိ ဦးကျော်ဇေဝင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စောနန်းနွမ်ခမ်း [၁၃/သပန(နိုင်)၀၇၄၈၅၂] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းသန်း [၁၂/ဥကမ(နိုင်)၀၂၅၀၂၈] ကိုင်ဆောင်သူမှ အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက်(၂၁)၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-31066498, 09-769147794**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အာဇာနည်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆၊ မြေကွက်အမှတ်- ၅၆၁၊ (အလျားxအနံ) (၆၀'x၆၀')၊ (၀.၀၈၂)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်ကို မြေအမည်ပေါက် ဒေါ်ခင်မာဝင်းထံမှ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုပြောဆိုသူ ဦးအောင်ကျော်မိုး [၁၂/မရက(နိုင်)၀၀၀၁၇၁]နှင့် ဦးငွေစိုးထွန်း [၉/မမန(နိုင်)၀၈၀၀၅၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းမွေဖောင်ခမ်း(ခ)ဒေါ်စုစုစံက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၃)**
**အမှတ်- ၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၉)ရပ်ကွက်၊ အမှတ်(၂၈၉)ဟုခေါ်တွင်သည့် မြေတိုင်း ရပ်ကွက်အမှတ်-(၁၃၉)၊လူနေရပ်ကွက်(-)၊မြေကွက်အမှတ်-(၂၈၉)၊ဧရိယာ(၄၀ပေ×၆၀ပေ)ရှိပါမစ်မြေအမျိုးအစားမြေကွက်နှင့်ဆက်နွယ်သည့်အကျိုးခံစားခွင့်အရပ်ရပ်တို့မှာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးတင်ထွဋ်(C-139709)အမည်ဖြင့်မှတ်သားတည်ရှိပြီး၊ဦးတင်ထွဋ်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိသူဦးကျော်စွာလင်း(၆/လလန(နိုင်)၀၆၉၉၂၅)မှ(၂၀-၃-၂၀၂၃)ရက်စွဲပါ ""**နှစ်ဦးသဘောတူမြေကွက်အရောင်း အဝယ်သဘောတူစာချုပ်**""အရ အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား မိမိဝယ်ယူထားသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီသည့်အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို(စရန်ငွေ) အဖြစ်ရောင်းချသူ ဦးကျော်စွာလင်း ထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါကယနေ့မှစပြီး(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်း၊စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့်ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါကအဆိုပါ အရောင်းအဝယ်ကိုပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ချိုသဲမေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၀၇)**
**ဖုန်း-၀၉-၄၂၁၀၀၇၀၄၉၊ ၀၉-၇၉၉၆၁၅၂၀၃**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၅-၄-၂၀၂၃** ရက်နေ့မှ စတင်၍ **၂၄-၆-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ မှ ၂၄ ရက် နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၅ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot-No. | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|---|
| ၁။ | Lot-3 | Real Time Data Air Monitoring Unit (With build in solar panel)(ECOSMART) | (၂)စုံ |

၂။ အထက်ပါပစ္စည်းဝယ်ယူရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးသို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၂၈-၄-၂၀၂၃ ရက် (သောကြာနေ့)

(ခ) အိတ်ဖွင့်တင်ဒါလျှောက်လွှာ နောက်ဆုံးထားတင်သွင်းရမည့် ရက်/အချိန် - ၁၂-၅-၂၀၂၃ ရက် (သောကြာနေ့) (ရုံးချိန်အတွင်း)

(ဂ) လိပ်စာ - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အာရှဘဏ်လမ်း၊ မှန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်။

**ဖုန်းနံပါတ်-၀၂-၄၀၅၆၀၉၂/၀၂-၄၀၅၆၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၄)၊ ၆-လွှာ(B)၊ ပုဇွန်တောင်မြို့နယ် တိုက်ခန်းကို ပိုင်ဆိုင်သူ ဦးခင်မောင်လွင်[၁၃/တကန(နိုင်)၀၅၀၉၁၉]ထံမှ ကျွန်တော်ဦးကျော်သူရ[၁၂/မဂတ(နိုင်)၀၀၂၂၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးချေပြီးဖြစ်ပါသည်။ မည်သူမဆို ဤတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သူရ**
**[၁၂/မဂတ(နိုင်)၀၀၂၂၄၃]**
**အမှတ်(၅၆)၊ ရေကျော်လမ်းမ၊ ၈-လွှာ(A)၊ ပုဇွန်တောင်မြို့နယ်။**
**ဖုန်း-၀၉-၇၇၀၅၄၁၇၅၁**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၃)၊ မြေအကျယ်အဝန်း(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးရွှေနု(၁၂/ဒဂန(နိုင်)၀၂၀၀၅၀)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ ဝဇီရာ(၄)လမ်း၊ မြေကွက်အမှတ်(၁၆၉/ခ)၊ မြေအကျယ်အဝန်း(၂၀ပေ×၆၀ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးတင်ထွန်း(၁၂/မရက(နိုင်)၀၉၈၈၇၇)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်စန်းစန်းဖေ (၁၂/ရကန(နိုင်)၀၈၈၄၈၀)သည် နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) စက်နှင့် စက်အရန်ပစ္စည်းများ

(က-၁)
- Forklift (5 Ton),
- Flocculant Dosing Pump with Motor ,
- Floc Aid Dosing Pump with Motor ,
- Seamless Tube,
- Sodium Meter

(က-၂)
- Absorber Feed Pump Complete Set without Motor,
- Fire Fighting Truck
- Urea solution Pump Complete Set without Motor,
- Infrared Spectroscopy (FTIR) Oxidation and Nitration (ASTM D 7889-13),
- Spare Part for PA Compressor,
- Portable Water Pump Complete Set with Motor ,
- Gas Chromatograph (G.C) & Standard Gas Cylinder

(က-၃)
- Naptha Circulation Pump without Motor,
- Super Heater Tube for Boiler,
- Refrigeration Compressor Complete Set without Motor,
- Hydrolyzer Feed Pump Complete Set without Motor,
- Brushless Excitation Control Module & Rotary Fuse,
- Motor for River Water Pump,
- Transformer Oil,
- Instrument Air Compressor with Motor Complete Set,
- Cell Bank ,
- Stripper Feed Pump Complete Set with Motor

(ခ) ဓာတုဗေဒပစ္စည်းများ
- Antifoam Agent (Polyalkylene glycol monobutyl ether (9038-95-3),
- Aluminium Trichloride $AlCl_3$ (PAC)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက် - ၂၅-၄-၂၀၂၃

၃။ တင်ဒါပုံစံရောင်းချမှုပိတ်သိမ်းမည့်နေ့ရက် - ၈-၅-၂၀၂၃

၄။ တင်ဒါတင်သွင်းရမည့်နေ့ရက်
အမှတ်စဉ်(က-၁) မှ တင်ဒါများ - ၈-၅-၂၀၂၃
အမှတ်စဉ်(က-၂) နှင့် (ခ)မှ တင်ဒါများ - ၁၅-၅-၂၀၂၃
အမှတ်စဉ်(က-၃) မှ တင်ဒါများ - ၂၄-၅-၂၀၂၃

၅။ တင်ဒါတင်သွင်းရမည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။

၆။ အိတ်ဖွင့်တင်ဒါကို ၂၅-၄-၂၀၂၃ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန (နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)၊ သန်လျင်မြို့တွင် (၁၀:၀၀) နာရီမှ (၁၆:၀၀) နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် (၁၁) လမ်း၊ အမှတ် (၁၀၉၈) နေ ဦးနိုင်နိုင်ထွန်း [၁၂/ဥကတ(နိုင်)၁၉၈၀၅၃] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနိုင်နိုင်ထွန်း (Talent စာသင်ဝိုင်း) နှင့် ၎င်း၏ မိသားစုဝင်များအား အများမှ ထင်ယောင်ထင်မှားဖြစ်စေရန်၊ အသရေပျက်စေရန်၊ နာမည်ဂုဏ်သတင်း ညှိုးနွမ်းစေရန်နှင့် အကျိုးစီးပွား ထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်၍ ဂုဏ်သိက္ခာထိပါးစေသည့် မမှန်မကန်ပြောဆိုနေမှုများ၊ ပုဂ္ဂလိက အထင်အမြင်များအား Social Media များ၊ Facebook, Comment, Share, Messenger, Instagram, Viber, Wechat, Line, Telegram စသည်တို့ကိုအသုံးပြုပြီး မိမိတို့၏ ကိုယ်ပိုင်အကောင့်များတွင်ဖြစ်စေ၊ အကောင့်တုများဖြင့်ဖြစ်စေ၊ Group/Page များတွင် Post များတင်ခြင်း၊ Comment များ ရေးသားခြင်းများ၊ အများသိစေရန် Share ခြင်းများကြောင့် ကျွန်ုပ်၏မိတ်ဆွေတွင် ဂုဏ်သိက္ခာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နေသည့်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင်ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ မည်သည့်အကြောင်းနှင့်မျှ တစ်စုံတစ်ရာမပြုလုပ်ကြရန်နှင့် မိမိတို့၏ Post များ၊ Comment များ၊ Share ခြင်းများအား (၄၈) နာရီအတွင်း အပြီးအပိုင်ပယ်ဖျက်ပေးရန် သတိပေးတားမြစ်လိုက်သည်။ ထိုသို့ တားမြစ်ချက်အား ဖောက်ဖျက်ပြီးပြုလုပ်ပြောဆိုရေးသားမှုများကို ပြုလုပ်သူ မည်သူမဆို ဆက်သွယ်ရေး ဥပဒေအရဖြစ်စေ၊ ရာဇသတ်ကြီးဥပဒေအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းညွန့်အောင် (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၂၆)**
**အမှတ်(၃၃/၄၉)၊ အခန်း (၃၃)၊ ပထမထပ်၊ STRAND CONDO ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၂၅၇၀၂**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## မော်ဘီခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၃-၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်ဘီခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းတည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ**(Open Tender)** တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင် ရောင်းချမည့် နေ့ရက်/နေရာ - ၂၈-၄-၂၀၂၃ (သောကြာနေ့) - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်ဘီခရိုင်

၃။ တင်ဒါလျှောက်လွှာ ပိတ်သည့်ရက် - ၁၂-၅-၂၀၂၃

၄။ တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် - ၁၅-၅-၂၀၂၃၊ နံနက် (၁၀:၀၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ မော်ဘီခရိုင်

**၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မော်ဘီခရိုင်၊ မော်ဘီမြို့။ ဖုန်း-၀၉-၈၉၄၇၂၉၃၂၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

**တင်ဒါစိစစ်ရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## သဃ်္ဃန်းကျွန်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၃-၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သင်္ဃန်းကျွန်းခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတား၊ အဆောက်အဦလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်နေ့ရက်/နေရာ - ၂၈-၄-၂၀၂၃ရက်(သောကြာနေ့) - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ သင်္ဃန်းကျွန်းခရိုင်

၃။ တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန် - ၁၂-၅-၂၀၂၃ရက်(သောကြာနေ့) ညနေ(၄:၀၀)နာရီ

၄။ တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် - ၁၅-၅-၂၀၂၃ရက်(တနင်္လာနေ့) - နံနက်(၁၀:၀၀)နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး သင်္ဃန်းကျွန်းခရိုင်

၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သင်္ဃန်းကျွန်းခရိုင်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၆၀၇၅၊ ၀၁-၅၅၅၆၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ၃)၊ မြေကွက်အမှတ်(၁၀၈)၊ (၂၅ပေx၄၆ပေ)အကျယ် မြေကွက်ပေါ်ရှိ စမ်း(တောင်)ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၄၂)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂½ပေx၅၀ပေ)ရှိ နေအိမ်တိုက်ခန်းနှင့် တိုက်ခန်းတွင်တပ်ဆင်ထားသော အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး၊ ရေမော်တာ(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ **မမင်းဝှက်(ခ)မတင်တင်ဝင်း[၁၄/ဟသတ(ဧည့်)၀၀၀၀၅၃]**ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးစန်းမောင်[၁၂/လသန(နိုင်)၀၁၅၂၃၆]**က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမောင်(စမ်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၄)**
**အမှတ်(၆၂)၊ ပထမထပ်(လောကနတ်)၊ အခန်းအမှတ်(၁၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၆၆၁၉၃၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်(၅၉၉)၊ လူနေရပ်ကွက်အမှတ်(၁၈/C)၊ အိမ်အမှတ်(၅၉၉)၊ အောင်မင်္ဂလာလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဒေါ်စန်းမီ [၁၂/မဂဒ(နိုင်)၀၂၇၁၁၀] အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၏အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဥမ္မာကျော် [၁၂/ဥကတ (နိုင်)၁၃၆၀၈၉]မှ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝေဝေခိုင်[၇/ကဝန(နိုင်)၁၄၆၈၂၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၇)**
**အမှတ်-၅၆၅၊ ပထမထပ်၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ MAC တာဝါ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၈၁၃၆၂**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မိမိအေး
## အသက်(၅၉)နှစ်

မုဒုံမြို့၊ ကျောင်းသစ်ရပ်ကွက်၊ ရာဇဓိရာဇ်လမ်းနေ (ဦးဘန်ချွန်း-ဒေါ်အေးစိန်)တို့၏ သမီးကြီး၊ ပျဉ်းမနားမြို့နေ (ဗိုလ်မှူးသန်းအောင်-ဒေါ်အေးအေးမာ)တို့၏ သမီးချွေးမ၊ [ဗိုလ်ကြည်စိုး(တော၈-၁၄)]၊ ဦးဇော်မင်းလွင်-ဒေါ်စန်းစန်းပြုံး၊ ဦးအောင်ဇေယျာထွန်း-ဒေါ်ယုယုထွေး၊ ဒေါ်သစ်သစ်လွင်၊ (ဦးဘုန်းမြင့်)- ဒေါ်မျိုးမင်းမင်းချွန်း၊ ဒေါ်စုဆွေဇင်ချွန်းတို့၏ အစ်မကြီး၊ ဒုရဲအုပ် ချမ်းမြေ့သူ-ဒေါ်ယုနန္ဒာမိုး၊ စုံစမ်းရေးမှူး ချစ်မြတ်နိုး-ဒေါ်ဥမ္မာသောင်း(လက်ထောက်ညွှန်ကြားရေးမှူး)တို့၏ ချစ်လှစွာသောမိခင်၊ မောင်လူထက်စံ၊ မောင်မိုးထက်အောင်တို့၏ ချစ်လှစွာသောအဘွား၊ ဗိုလ်မှူးမိုးသန်းအောင်(ယာယီရဲမှူးချုပ်ဟောင်း)၏ ချစ်လှစွာသောဇနီး ဒေါ်မိမိအေးသည် ၂၄-၄-၂၀၂၃(တနင်္လာနေ့) ည ၇:၅၀ နာရီတွင် ပျဉ်းမနားမြို့၊ ရှမ်းစုလေး(မဟာယောရက္ခေခြံ)နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၆-၄-၂၀၂၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ပျဉ်းမနားမြို့ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အိုဇုန်းလွှာနှင့်

ရာသီဥတု

ကောင်းမွန်ဖို့

လက်တွဲညီညီ

ဆောင်ရွက်စို့

---

## ဒုတိယဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)
### ဗိုလ်သင်တန်းအမှတ်စဉ်(၂၈)၊ ကိုယ်ပိုင်အမှတ်(၈၈၂၀)
### အသက်(၉၀)

ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ရွာနေ (ဒေါ်ကျင်လှိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှိုင်ထွန်း-ဒေါ်မိုးမိုးခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၂-၄-၂၀၂၃ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၄-၄-၂၀၂၃ ရက်တွင် သုံးတောင်ကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၂၃ ရက်တွင် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ဒါနအစုစုတို့အား ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် တရားတော်နာကြွရောက်ကြပါရန် ရပ်နီးရပ်ဝေး မိတ်ဆွေတို့အား ညှိုးငယ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မိမိအေး
## အသက် (၅၉) နှစ်

သူငယ်ချင်း မိုးသန်းအောင်၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်မိမိအေးသည် ၂၄-၄-၂၀၂၃ရက် (တနင်္လာနေ့) ည ၇:၅၀ နာရီတွင် ပျဉ်းမနားမြို့ ရှမ်းစုလေး(မဟာယောရက္ခေခြံ) နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၅)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြလှိုင်
### မြို့နယ်တရားသူကြီး (ငြိမ်း)
## အသက်(၉၄)နှစ်

သူငယ်ချင်း မောင်မောင်အောင် (၈၇၀)၏ ချစ်လှစွာသောဖခင်ကြီး ဦးမြလှိုင် အသက်(၉၄)နှစ်သည် ၂၄-၄-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ ၆:၁၀ နာရီတွင် ရန်ကုန်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သောမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တော၈(၉)သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဦးတင်ဝင်း
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး
## အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းကျေးရွာနေ (ဦးစောဟန်-ဒေါ်တင်မေ)တို့၏သား၊ ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၊ အာဇာနည်လမ်းနေ (ဦးဘဖြူ-ဒေါ်နုခင်)တို့၏သားသမက်၊ [ဦးခင်ဦး (ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့)]တို့၏ညီ၊ ဒေါ်နီနီဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ငွေစာရင်းဌာနခွဲ)၊ ဒေါ်ငွေငွေဝင်း၊ ဦးကိုကိုဝင်း (လက်ထောက်အထွေထွေမန်နေဂျာ-M.O.B)-ဒေါ်သီတာမြင့် (မန်နေဂျာ-ရုံးချုပ်ဘဏ်ခွဲ၊ M.O.B)၊ ဦးထိန်လင်း-ဒေါ်မူမူဝင်း၊ ဦးသူရဝင်း-ဒေါ်နှင်းဖြူဖြူကျော်(M.O.B)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ (ဒေါ်တင်လှ)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၄-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်ခန်းမ(၁/ခ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၃ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ်(၁)၊ တိုက်(၁၅၄)၊ အခန်း(၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်လှိုင်
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(အလယ်)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၄၈)၊ (၅/၆)လွှာနေ (ဦးထွန်းမင်း-ဒေါ်တင့်)တို့၏သား၊ (ဒေါ်ခင်အေးမြင့်)၏ခင်ပွန်း၊ ဒေါ်ယဉ်ညိုလှိုင်-ဦးသက်နိုင်ထွန်း၊ ဦးစည်သူလှိုင်-ဒေါ်ကြည်မေထွန်း၊ ဦးဝဏ္ဏလှိုင်-Mrs Kristine တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးညွန့်လှိုင်သည် ၂၅-၄-၂၀၂၃ ရက် နံနက် ၈:၃၅ နာရီတွင် ရန်ကုန်မြို့ Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ကလာပ်ကို ၂၇-၄-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၃ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်(၃၁/က)၊ ဧရိယာ(၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ်(၃၁-က)၊ အနော်မာ(၃)လမ်း၊ (၁/အနော်မာ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသောင်း (BR-004521) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးသောင်း(BR-004521) (ဖခင်)နှင့် ဒေါ်ကျင်စိန် (မိခင်)တို့ ကွယ်လွန်သဖြင့် သားဖြစ်သူ ဦးဝင်းအောင် [၁၂/သကတ(နိုင်)၀၄၇၇၀၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၀၀၂၁/၂၀၁၉(၂၉-၁၁-၂၀၁၉)ရရှိသူ GP ဦးကိုကိုအောင် [၁၂/သကတ(နိုင်)၁၁၉၂၇၅]မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဖခင် ဦးသောင်းနှင့် မိခင်ဒေါ်ကျင်စိန်တို့၏ သေဆုံးမှုလက်မှတ်၊ မိဘများတွင် သားအရင်းဖြစ်သူ မိမိတစ်ဦးတည်းကိုသာမွေးဖွားခဲ့ပြီး အခြားသောသား/သမီး၊ မွေးချင်းတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားခဲ့ခြင်းမရှိကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဦးဝင်းအောင်ကိုယ်တိုင်ကျိန်ဆိုသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်နှင့် အိမ်ထောင်စု လူဦးရေစာရင်း၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေးမြင့် (ခ) ဒေါ်တင်ထွေး (ဒေးဒရဲ)
### ဆည်၊ ရေ ဦးစီးဌာန(ငြိမ်း)
### ဝါမိုးအောင်စာပေ
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၅၀)၊ (၄၃)လမ်း၊ မြေညီ(ဝဲ)နေ (ဦးဘိုးရှိန်-ဒေါ်ငွေစိန်)တို့၏ သမီးထွေး၊ (ဦးကျင်-ဒေါ်အေးသင်)တို့၏ သမီးချွေးမ၊ ဦးကြိုင်မြင့် (စာရေးဆရာ မောင်ရန်ရှင်း)၏ဇနီး၊ ဒေါ်တင်အေး၏ ညီမ၊ ဦးသိန်းဦး-ဒေါ်စန်းယုမော်၏အစ်မ၊ ဦးနေဝင်း-ဒေါ်ဝါဝါမြင့်၊ ဦးမိုးထွဏ်းဇော်-ဒေါ်ဥမ္မာချို၊ ဦးနေလင်းအောင်-ဒေါ်ခင်ခင်လေး၊ ဦးသိန်းအောင်-ဒေါ်အိစံပါယ်ဖြူတို့၏ မွေးသမိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၅-၄-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ၂၇-၄-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစုများ

---

## ဒေါ်ခင်မြသိန်း
## အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တိုက်(4-ခ/2)၊ အခန်း(3-က)၊ ပါရမီလမ်း၊ ချောင်တွင်းကုန်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘချစ်-ဒေါ်မယ်ချည်)တို့၏သမီး၊ (ဦးဉာဏ်သိန်း)-ဒေါ်မြကြည်၊ ဦးသိန်းရွှေ-ဒေါ်သန်းဝယ်၊ (ဒေါ်မြရည်)၊ (ဦးဝင်းမြင့်ရွှေ)၊ ဦးထွန်းလွင်တို့၏ညီမ၊ (ဦးစောရွှေ-ဒေါ်အေးပြုံးပြုံး)၊ ဦးဉာဏ်မြင့်စိန်-ဒေါ်ပြုံးရည်၊ ဒေါ်ခင်မြစိမ်း၊ (ဒေါ်ခင်မြငြိမ်း)-ဦးဇော်မြင့်ဦးတို့၏ အစ်မ၊ ဦးအောင်မြင့်၏ဇနီး၊ ဦးဖြိုးဝေဝင်း (Executive Director Max Myanmar Manufacturing Co., Ltd)-ဒေါ်သန္တာမြင့်၊ ဗိုလ်ကြီးလှိုင်ထွန်း(လေ)၊ မမျိုးမျိုးဝင်းတို့၏မိခင်၊ ဘုန်းပြည့်ကျော်(ခ) Liam ၏ ချစ်လှစွာသောအဘွားသည် ၂၄-၄-၂၀၂၃ (တနင်္လာနေ့) ည ၆:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးကျော်ကျော်
### လက်ထောက်ဌာနမှူး(ငြိမ်း)
### ရာပြတ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ (A2/102)နေ (ဦးကျင်-ဒေါ်ကျင်ဝိုင်း)တို့၏သား၊ ဟင်္သာတမြို့နေ (ဦးအေးမောင်-ဒေါ်ခင်ရွှေ)တို့၏သားသမက်၊ (ဦးစစ်တင်)-ဒေါ်မြင့်ရီ၊ (ဦးစစ်ရွှေ-ဒေါ်ထားကြည်)၊ ဒေါ်ဝေဝေဖြူတို့၏ ညီ/မောင်၊ ဒေါ်ကျင်စိန်၊ (ဦးစစ်အေး-ဒေါ်အေးအေးမူ)၊ (ဦးစစ်မွေး-ဒေါ်မေချိုသိန်း)၊ (ဒေါ်ဝင်းဝင်းနွယ်)၊ ဒေါ်ဝင်းဝင်းရွှေကိုတို့၏ အစ်ကို၊ ဒေါ်ခင်အေးမြင့်သန်း (လ/ထ ထွေဂျာ-ငြိမ်း)၏ ခင်ပွန်း၊ တူ/တူမ ၁၀ ယောက်၊ မြေး ကိုးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၃ (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၆-၄-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၃၀-လမ်း၊ အမှတ်(၃၄)၊ ပထမထပ် မျက်နှာမူလျက်(ဝဲ)ဟုခေါ်တွင်သည့်တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို မူလနေထိုင်ပိုင်ဆိုင်သူ ကွယ်လွန်သူ **ဒေါ်ထားရီ**၏ အမွေဆက်ခံပိုင်ဆိုင်သူ **ဦးမြင့်ထွန်း [၁၂/မဂတ(နိုင်) ၀၂၃၆၉၁]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 Hp: 09-5017044**

---

## အများသိစေရန်ကြေညာခြင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ အမှတ်(၅)ရပ်ကွက်၊ တတ်ချောင်းကွင်း၊ အကွက်အမှတ်-၁၀၂(င)၊ ဦးပိုင်အမှတ်(၂၉+၃၀)၊ ဧရိယာ(၀.၅၅)ဧကရှိ မြေကွက်၏ အမည်ပေါက်ပိုင်ရှင်ထံမှ အမွေဆက်ခံပိုင်ဆိုင်ပြီး လွန်ခဲ့သော နှစ်ပေါင်း(၃၅)နှစ်ကျော်က ယနေ့တိုင် ပိုင်ရှင်များဖြစ်သော ဒေါ်လိုက်လာတာလတ်[၁၁/မတန(နိုင်)၀၃၀၈၄၅]နှင့် ဒေါ်ယစ်မိန်ဘေဂေါင်[၁၁/မတန(ပြု)၀၀၂၄၁၆]တို့ သိရှိခြင်းမရှိဘဲ အဆိုပါမြေကွက်/နေအိမ်တို့နှင့်စပ်လျဉ်းပြီး အခြားသူ တစ်ဦးဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ မြေကွက်နှင့်နေအိမ်သည် လွန်ခဲ့သော(၃၅)နှစ်ကျော်မှ စဉ်ဆက်မပြတ်ယနေ့တိုင် ကျွန်ုပ်တို့၏မိတ်ဆွေများသာလျှင် လက်ဝယ်ထားရှိ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေများသာလျှင် ရောင်းချ၊ ငှားရမ်းခွင့် စီမံခန့်ခွဲခွင့်ရှိပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ရေးဆိုင်ခွင့် အကျိုးခံစားခွင့် လုံးဝမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 Hp: 09-5017044**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြလှိုင်
### မြို့နယ်တရားသူကြီး (ငြိမ်း)
## အသက်(၉၄)နှစ်

သူငယ်ချင်း မောင်မောင်အောင် (၈၇၀)၏ ချစ်လှစွာသောဖခင်ကြီး ဦးမြလှိုင် အသက်(၉၄)နှစ်သည် ၂၄-၄-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ ၆:၁၀ နာရီတွင် ရန်ကုန်၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သော မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ထွန်းအောင်ကျော်ဗိုလ် (၈၆၆)၊ အောင်ကျော် (၈၇၅)၊**
**စိန်မြင့်(၈၇၈)၊ မင်းမင်းဦး (၉၄၁)၊ ခင်မောင်ထွေး (၉၄၃)၊**
**အောင်လင်းဦး(၉၇၀)၊ ဖုန်းနိုင်(၉၇၄)၊ အေးချို (၉၇၇)**

---

## အများသိစေရန်

၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့ပါ ကြေးမုံသတင်းစာတွင် ကြေညာခဲ့သော ဒေါ်ဆုရည်နန္ဒာ [၁၂/စခန(နိုင်)၀၆၀၂၈၇] ပိုင်ဆိုင်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ်(၃၀)၊ ခြေရင်းခန်း တိုက်ခန်းကို ဦးသက်ပိုင်ဖြိုး [၁၂/မဂတ(နိုင်)၀၉၄၂၃၈]သည် ဝယ်ယူရန် ချုပ်ဆိုထားခဲ့သော အရောင်းအဝယ်စရန်ပေးစာချုပ်အား ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့တွင် နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးစီးကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ပိုင်ဖြိုး [၁၂/မဂတ(နိုင်)၀၉၄၂၃၈]**

---

အားကစား

မြင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်းဖြစ်...**

❖ **မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်...**

❖ **အားကစားသမားကောင်း တစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသားဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသော ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ကျင်းပမည့် ပညာရေးညီလာခံမှ နိုင်ငံ၏ အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု အပြည့်အဝယုံကြည်

နေပြည်တော် ဧပြီ ၂၅

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

---

## အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း အနိုင်ရ

ရန်ကုန် ဧပြီ ၂၅

၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု (F) ပထမနေ့ကို ဧပြီ ၂၄ ရက် ညပိုင်းက ကာဂျစ္စတန်နိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်းက အိမ်ရှင်ကာဂျစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပွဲအစတွင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်ခြေစစ်ပွဲ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❏

---

**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ခရမ်း PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄